မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank ဥက္ကဋ္ဌ H.E.Mr. Jiang Chaoliang ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China Development Bank** ဥက္ကဋ္ဌ **H.E.Mr. Jiang Chaoliang** ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျေးရွာအရောက် ခရီးပေါက်နေသော ပဲခူးတိုင်းအတွင်းမှ ဆက်သွယ်ရေးကဏ္ဍ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-သတင်းထောက် ပိန်းဇလုပ်-သိန်းညွန့် ▼ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်း မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုတစ်ပြေးညီဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နေရာမှတစ်နေရာသို့ တောတောင်ရေမြေခြားနေစေကာမူ သတင်းအချက်အလက်တို့အားလွယ်ကူလျင်မြန်စွာ ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍကို စီမံကိန်းချမှတ်ကာ ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် မြို့ပြနှင့်ကျေးလက်ဒေသ၊ ပြည်နယ်နှင့်တိုင်း နယ်စပ်ဒေသများပါမကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေကြရပေပြီ။

ဘက်စုံထောင့်စုံ

နိုင်ငံတော်တစ်ဝန်း ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်မှု၏ သာဓကတစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ

စာမျက်နှာ ၉ ကော်လံ ၁ ●

ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စု ကားလမ်းမကြီးဘေးရှိ ဘုရားကြီးကျေးရွာတွင် မိုက္ကရိုဝေ့ဗ်စခန်းကို ဤသို့ တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

ရွှေကူမြို့နယ် မြောက်ရွာ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

ရွှေကူ ဇွန် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု မြောက်ရွာကျေးရွာ "သုတကမ္ဘာ" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် ရန်ပုံငွေလှူဒါန်းပွဲကို ဇွန် ၂၈ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်အရှေ့၌ ကျင်းပရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းပြည့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၃၀ ရက်)

သစ်တောသစ်ပင်များ စဉ်ဆက်မပြတ် ရှင်သန်တိုးပွားရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ယခုအချိန်ကာလသည် သစ်ပင်စိုက်ပျိုးရန် သင့်လျော်သည့် ရာသီဥတုအခြေအနေဖြစ်ပြီး နေရာဒေသအသီးသီး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အစီအစဉ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် သစ်တောကြိုးဝိုင်းများအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့် အဖိုးတန်သစ်များကို နှစ်စဉ်ပျမ်းမျှဧက ခုနစ်သောင်းခန့် စိုက်ပျိုးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအပိုင်းကိုလည်း ကျွန်းအပါအဝင် သစ်မျိုးစုံကို စိုက်ပျိုးပိုင်ဆိုင်ခွင့်ပြုလျက်ရှိပြီး ၂၀၀၉ခုနှစ်အတွင်း သစ်တောစိုက်ခင်း လျာထားချက်ဧက ၅၅၂၀၀ ကို စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်သည်။ ထို့ပြင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်းအတွက်လည်း အပင်ပေါင်း ၁၇သန်းကျော်ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။

သစ်ပင်စိုက်ခြင်းသည် လူတို့အတွက် နေအိမ်အဆောက်အအုံ၊ အစားအစာနှင့်အပန်းဖြေမှု၊ လောင်စာ အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

သစ်ပင်များကို ဒေသအလိုက် သင့်လျော်သည့်အပင်များကို စိုက်ပျိုးကြရမည်ဖြစ်ပြီး ရှင်သန်ကြီးထွားရန်အတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးပြီးအပင်များကို ရေရှည်တည်တံ့ ရှင်သန်တိုးပွားလာစေရန် စနစ်တကျထိန်းသိမ်းရန် လိုအပ်ပေသည်။

စိုက်ပျိုးမည့် သစ်ပင်များကိုရွေးချယ်ရာတွင် အရိပ်ရသောအပင်၊ အသီးစားရသောအပင်၊ ပန်းအလှပင်၊ အကြီးမြန်သောအပင်၊ အတက်နှေးသော အပင်စသည်ဖြင့် အမျိုးမျိုးရှိသည်။

ဥတုရာသီတည်ငြိမ်ရေးအတွက် အခြေခံအကြောင်းရင်းဖြစ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လှုပ်ရှားဆောင်ရွက်ရာ၌ သစ်ပင်စိုက်ပျိုးခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအခါ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ကျောင်းပတ်ဝန်းကျင်၊ ရုံးပတ်ဝန်းကျင် ဒေသအလိုက် စုပေါင်းစိုက်ပျိုးပွဲများ ဆင်နွှဲလျက်ရှိသည်။

သို့ဖြစ်ပေရာ သစ်တောသစ်ပင်များသည် လူတို့အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုလျက်ရှိရာ သစ်တောသစ်ပင်များ စဉ်ဆက်မပြတ် တိုးပွားရှင်သန်စေရန် ပြုစုထိန်းသိမ်း စောင့်ရှောက်သွားကြရမည့်တာဝန်သည် တိုင်းရင်းသားပြည်သူများ၏ တာဝန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း မြင်းခြံမြို့နယ်အတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၂၆ရက် မွန်းလွဲ ၁နာရီက မန္တလေးတိုင်း မြင်းခြံမြို့နယ် ပျိုးကန်ကျေးရွာ၌ ပျိုးကန်၊ မီးပေါက်၊ ကန်နီ၊ ဒူလဖိုလ်၊ ပျား၊ ရွာသစ်၊ ယုံထိုး၊ တောင်ပုံ၊ ဘလှဲ၊ ထိန်ပန်း၊ ကျီးပင်ကန်၊ ဆိတ်ကုန်းနှင့် ယုံထိုးဆွယ်ကျေးရွာများမှ ဒေသခံပြည်သူ ၇၀၄၀တို့နှင့် တွေ့ဆုံသည်။

ပြုပြင်ရန်

ယင်းနောက် ဝန်ကြီးသည် ကန်ဆွယ် အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ဘိလပ်မြေအိတ် ၁၀၀ နှင့် ကျေးရွာလမ်းပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ ပျိုးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းပြုပြင်ရန် သွပ်အချပ် ၁၂၀၊ ကျီးပင်ကန်ကျေးရွာ လမ်းတံတားပြုပြင်ရန် ဘိလပ်မြေအိတ် ၁၀၀၊ မီးပေါက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ပျားရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပြုပြင်ရန် ဘိလပ်မြေအိတ် ၁၀၀ စီတို့ကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် မြင်းခြံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်(၁၀)ရပ်ကွက်နှင့် ထွေးပင်ရိုး၊ ကျောက်တန်း၊ ဆားခါး၊ ကူရွာ၊ ကွင်းစိုက်နှင့် ခြေဆေးကျေးရွာများမှ ဒေသခံပြည်သူ ၅၀၀၀ခန့်နှင့် တွေ့ဆုံသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးက အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းပြုပြင်ရန် ငွေကျပ်ငါးသိန်းနှင့် ဘိလပ်မြေအိတ် ၅၀၊ အမှတ်(၁၉)အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ဆောက်လုပ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀-၆-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၂၀	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၃၅	၁၄။	ကလေးတို့ကမ္ဘာ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆယ်ကျော်သက်သတို့သမီး** (အပိုင်း-၁၁)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီက တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း စိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနားတက်ရောက်

ရန်ကုန် ဇွန် ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၇ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ကျင်းပသည့် ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီက တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းဖြေကြား

ရှေးဦးစွာ ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုနှင့် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ပံ့ပိုးပေးမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းက မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စိုက်နည်းစနစ်များကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က ဒေသအတွင်း စိုက်ပျိုးနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအပေါ် ဆောင်ရွက်ရမည့်အစီအစဉ်များ၊ သီးနှံအထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ရာတွင် ကုမ္ပဏီနှင့်တောင်သူလယ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျေးရွာခုနစ်ရွာမှ တောင်သူ ၂၃၈ ဦးအား စိုက်ပျိုးစရိတ်ထုတ်ပေးမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ဦးကြီးတော်ကျေးရွာ ဧက ၁၀၀၀ စံပြစိုက်ခင်း၌ တောင်သူများ ထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကိုလည်းကောင်း၊ ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီက ကျေးရွာနှစ်ရွာမှ တောင်သူ ၇၇ဦးသို့ စိုက်ပျိုးစရိတ်ထုတ်ပေးနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်မြို့နယ်စည်ပင် ငွေပုလဲရပ်ကွက်လမ်း တာပေါင်ဖို့ဆောင်ရွက်

မြိတ် ဇွန် ၂၉

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော ငွေပုလဲရပ်ကွက် အဝင်လမ်း မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းနေ ဒေါက်တာဦးဝင်း၊ ဒေါ်နုနုအေး၊ ဦးဝင့်ခင်ဇော်၊ ဒေါ်သန္တာဝင်း၊ သား ကိုထွန်းအေးမောင်ဝင်း၊ မြေး သာလွန်ခင်ဇော် မိသားစုတို့က လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများနှင့် အရည်အသွေးကောင်းပစ္စည်းများထုတ်လုပ် စက်မှုကဏ္ဍ ပါဝင်မှုမြင့်မားရေးအတွက် စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေး ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ စက်မှုဇုန်များက ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်သူများအတွက် အရည်အသွေးကောင်းပစ္စည်းများ အသုံးပြုနိုင်ရေး၊ စက်မှုဇုန်များရှိ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုကဏ္ဍပါဝင်မှု ပိုမိုမြင့်မားရေးအတွက် စက်မှုဇုန်များ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်သွားကြရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြား သည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့၏ လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော် နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်တို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank ဥက္ကဋ္ဌ H.E.Mr. Jiang Chaoliang ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တံတားဖွင့်ပွဲတွင် ရှေးဦးစွာ တိုင်းမှူး က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ထီးစဲခါးတံတားဆိုင်ရာ အချက်အလက် များ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား ဒေသခံတိုင်းရင်းသား တစ်ဦးက တံတားကြီး တည်ဆောက်ပေး ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် တံတားကြီးရေရှည် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ပြည်သူများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြော ကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ထီးစဲခါး တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။

ဆက်လက်၍ တိုင်းမှူးက ထီးစဲခါး တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင် ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်း မှူး၊ ပြည်နယ်ဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြား ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေး နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် သဘက်ချောင်းကူး ထီးစဲခါး တံတားဖွင့်ပွဲ အခမ်းအနား တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ပြည်နယ် ဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံတိုင်း ရင်းသားများနှင့်အတူ ထီးစဲခါးတံတား မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ ပြီး တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ထီးစဲခါးတံတားသည် လွိုင်ကော် မြို့နယ် ထီးစဲခါးကျေးရွာအနီး သဘက် ချောင်းပေါ်၌ တည်ရှိပြီး အပေါ်ထည်သံကူ ကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ် နှင့် အုတ်မြစ်သံကူကွန်ကရစ်ရေတွင်းခွေ အမျိုးအစားဖြစ်သည်။

နှစ်လမ်းသွား

စုစုပေါင်း တံတားအရှည် ၂၄၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် တစ် ဖက်လျှင် လူသွားလမ်း အကျယ်သုံးပေစီရှိ သည့် နှစ်လမ်းသွားတံတား အမျိုးအစား ဖြစ်ကာ ရေလမ်းကင်းလွတ် နယ်မြေမှာ အကျယ် ပေ၄၀နှင့် အမြင့်ခြောက်ပေရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန်တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါတံတားသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့ သည့် ပေ ၁၈၀ နှင့်အထက် ၂၂၇ စင်း မြောက် တံတားဖြစ်ပြီး ကယားပြည်နယ် အတွင်း ပထမဦးဆုံး တည်ဆောက်ဖွင့်လှစ် ပေးခဲ့သည့် တံတားတစ်စင်းဖြစ်သည်။

ပိုမိုချောမွေ့

ထီးစဲခါးတံတားဖွင့်လှစ်ပေးခြင်းဖြင့် တောင်ဂူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံး လမ်း ကွန်ရက်မှာ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာကာ ဒေသမှထွက်ရှိသော ထွက်ကုန်များကို ပိုမိုလျင်မြန်စွာ ပို့ဆောင် နိုင်တော့မည်ဖြစ်ပြီး ဒေသတွင်း တိုင်းရင်း သားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ် ရေးနှင့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

လှူဒါန်း

"သုတကမ္ဘာ" စာကြည့်တိုက် အတွက် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင် က ရန်ပုံငွေ ကျပ် ၅၀၀၀နှင့် သုတရသ စာအုပ်စာစောင် အုပ် ၈၀၊ မြောက်ရွာနေ ဒေါ်နက်တင်က သုတရသစာအုပ်အုပ် ၁၃၀၊ ဒေါ်အေးလှိုင်က အလှူငွေကျပ် ၂၀၀၀၀၊ စေတနာရှင် ပြည်သူများက သုတရသ စာအုပ် ၄၉အုပ်နှင့် လှူဒါန်းငွေကျပ် ၁၇၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၉

'မြန်မာသင်္ဘောသားများ တာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန်ပြည်ထောင်စု အခြေစိုက် East Wind Maritime Inc ဒေဝါလီခံ' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၈၃)ကို ယနေ့ ဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံး A(H1N1) တုပ်ကွေးလူနာတစ်ဦးတွေ့ရှိ၊ ဒီဇယ်ဈေး ကျပ် ၃၀၀၀နားကပ်လာသော်လည်း ကုန်စည်ပို့ဆောင်ခဈေးနှုန်း အပြောင်းအလဲမရှိသေး၊ East Wind Maritime Inc သင်္ဘောကုမ္ပဏီလူမွဲစာရင်းခံရ၊ မြို့လယ်ရေပေးရေးစနစ် များကို ပြန်လည်ပြုပြင်သန့်ရှင်းနေ၊ ရတနာပုံအသင်း၏ ဘောလုံးပွဲကိုအားပေးရန် မန္တလေး သားများကို အခမဲ့ရထားတွဲ ခုနစ်တွဲစီစဉ်ပေး၊ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်အသင်းသို့ မြန်မာနိုင်ငံလုပ်ငန်းရှင်များလည်း ဝင်ရောက်မည်၊ အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်းရှိ စားသောက်ဆိုင်များ လက်မှတ်မှောင်ခိုရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါက လိုင်စင် ပိတ်သိမ်းအရေးယူခံရမည်၊ မလေးရှားရောက်အလုပ်သမားများဘဝ၊ ၂၉အစုန်နှင့် ၃၀အဆန် ရန်ကုန်-မန္တလေး အမြန်ရထားပေါ်တွင် GSM ဖုန်းဖြင့် ဝန်ဆောင်မှုပေး၊ ထိုင်းနိုင်ငံ တွင် တရားမဝင်နိုင်ငံခြားသား ရွှေ့ပြောင်းလုပ်သားများ တရားဝင်မှတ်ပုံတင်ပေး၊ ၂၀၀၉-၂၀၁၀တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် တစ်သန်းလာရန် မျှော်မှန်း၊ ဆရာကြီး ဒေါက်တာ မင်းသိခ်၏ (၇၁)နှစ်မြောက် မွေးနေ့ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပ၊ ပေါ့ပ်ဘုရင် ပါရမီရှင် မိုက်ကယ်ဂျက်ဆင်ကွယ်လွန်၊ အနုပညာရှင်များနဲ့ မြန်မာ့ရိုးရာဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ တစ်ကိုယ်တော်အခွေလုပ်နေပြီဖြစ်တဲ့ ထွန်းထွန်း၊ အေးမြတ်သူနှင့် တွေ့ဆုံခြင်း၊ မြောက်ကိုရီးယား၏ စစ်သည်အင်အား ၁၂သိန်းရှိပြီး တောင်ကိုရီးယားသို့ ထိုးဖောက်ဝင်ရောက်ရန် အထူးလေ့ကျင့်ထားသည့် ကွန်မန်ဒိုရှစ်သောင်းရှိ၊ အိုကီနာဝါကျွန်း တောင်ဘက်တွင် အသင့်အနေအထားပြင်ဆင်ထားသည့် ကမ္ဘာ့အဆင့်မြင့်ဆုံး အမေရိကန် သူလျှို ဗုံးကြဲလေယာဉ်အုပ်စု၊ ဟစ်တလာ၏ ကိုယ်ပျောက်ဂျက်တိုက်လေယာဉ် ပြန်လည် ထုတ်လုပ်' စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက် ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၉

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ကရာတေးဒို ပြိုင်ပွဲကို ဇွန် ၂၇ရက် နံနက် ၁၁နာရီ တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ လည်းကောင်း၊ ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း ဘိလိယက်နှင့် စနူကာလေ့ကျင့်ရေးခန်းမ၌ လည်းကောင်း၊ ဝူရှူးပြိုင်ပွဲကို ပဒုမ္မာ ဝူရှူးလေ့ကျင့်ရေးခန်းမ၌လည်းကောင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တရုတ်နှင့် ဥဇဘက်ကစ္စတန် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

တပ်ရှုကင့် ဇွန် ၂၉

တရုတ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နှစ်နိုင်ငံတို့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်အတွက် ကုလသမဂ္ဂနှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့ ယခုလအစောပိုင်းက ကျင်းပသည့်အစည်းအဝေး၌ တရုတ်ဒုတိယဝန်ကြီးချုပ် လီကီကျင်းနှင့် ဥဇဘက်ကစ္စတန်သမ္မတတို့ သဘောတူဆွေးနွေးသည်။

အကျိုးဖြစ်ထွန်း

တရုတ်နိုင်ငံ၏နိုင်ငံခြားရေးမူဝါဒအရ ဥဇဘက်ကစ္စတန်နိုင်ငံသည် အာရှ၌ အရေးပါသည့်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးတူဆောင်ရွက်မှုများ၌ တည်တံ့ခိုင်မြဲလျက်ရှိပြီး အနာဂတ်ကာလများတွင် အကျိုးဖြစ်ထွန်းမှုရှိစေရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရာတွင် ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီက ပြောကြားသည်။ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြားမှပင် ၎င်းနှစ်နိုင်ငံမှာ စီးပွားရေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံ၏ အခက်အခဲများကို တစ်နိုင်ငံက ပူးပေါင်းဖြေရှင်းသွားမည်ဟုဆိုသည်။ **(အင်တာနက်)**

စက်မှုကုန်စည်ပြပွဲ

တရုတ်နိုင်ငံ ပေကျင်း၌ကျင်းပသည့် (၅)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ကျောက်မီးသွေးနှင့်သတ္တုတူးဖော်ရေးလုပ်ငန်းဆိုင်ရာ စက်မှုကုန်စည်ပြပွဲတစ်ရပ်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်စက်မှုလုပ်ငန်း မေလအတွင်း ထုတ်လုပ်မှု မြင့်တက်လာ

တိုကျို ဇွန် ၂၉

ဂျပန်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ပြီးခဲ့သည့် မေလက ဧပြီလထက် ၅ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်ဟု အစိုးရစာရင်းအင်းဌာနက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

မျှော်မှန်းထား

ယင်းသည် သုံးလဆက်တိုက်တိုးမြှင့်ထုတ်လုပ်နိုင်မှုဖြစ်ပြီး ဂျပန်စက်မှုကုန်ထုတ်လုပ်ငန်းများအနေဖြင့် စီးပွားရေးကောင်းမွန်မှုတစ်ရပ်ကို ရည်ညွှန်းနေခြင်းပင်ဖြစ်ကြောင်း သို့သော်လည်း မျှော်မှန်းထားသည့်အဆင့်သို့ မရောက်ရှိသေးကြောင်း ဖော်ပြသည်။

ဈေးကွက်အတွင်း နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းအရ မေလအတွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်မှုမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းမှ ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိသည်ဟုဆိုသည်။

စက်မှုထုတ်ကုန်များ ပြည်ပသို့ သင်္ဘောဖြင့် တင်ပို့နိုင်မှုမှာ ၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ အမျိုးသမီးများအသက်မွေးပညာကျောင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1)တုပ်ကွေးဟု သံသယရှိသူများအား ဘာလီကျွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သွေးနမူနာစစ်ဆေးရန်စီစဉ်

ဂျကာတာ ဇွန် ၂၉

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံအတွင်းသို့ A(H1N1)တုပ်ကွေးကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် A(H1N1)ရောဂါပိုးရှိ မရှိ သွေးနမူနာယူ၍ စစ်ဆေးသည့် ဓာတ်ခွဲခန်းထားရှိရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း လေဆိပ်ကျန်းမာရေးဌာနအကြီးအကဲ ညိုမန်မူတီယာဆာက ဇွန် ၂၈ရက်တွင် ပြောကြားသည်။

ယင်းမှာ စီမံကိန်းတစ်ရပ်ပင်ရှိသေးကြောင်း၊ ယခုအချိန်အထိ ဓာတ်ခွဲခန်းအတွက် ပစ္စည်းကိရိယာများ တပ်ဆင်ထားခြင်းမရှိသေးကြောင်း၊ A(H1N1) တုပ်ကွေးရောဂါလက္ခဏာပြသည့် ကမ္ဘာလှည့်ခရီးသည်များအား သွေးနမူနာယူ၍ စစ်ဆေးမည်ဖြစ်ကြောင်း၊ လေဆိပ်သို့ရောက်ရှိလာသည့် ခရီးသည်များမှာ တစ်ရက်လျှင် ၇၀၀၀ ဝန်းကျင်ရှိရာ အားလုံးကိုစစ်ဆေးရန် မဖြစ်နိုင်သေးကြောင်း မူတီယာဆာက ထပ်လောင်း ပြောကြားသည်။

သံသယရှိသူ

ဗြိတိန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် အသက် ၂၂နှစ်အရွယ် အမျိုးသမီးငယ်မှာ အင်ဒိုနီးရှားနိုင်ငံအတွင်းတွင် ပထမဆုံး A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူဖြစ်သည်။ ၎င်းအား ဘာလီကျွန်းရှိ ရှန်ကလာဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ပေးပြီး ခုနစ်ရက်တာ ဆေးကုသမှုခံယူကာ ဆေးရုံမှဆင်းသွားနိုင်ပြီ ဖြစ်သည်။ A(H1N1)တုပ်ကွေးရောဂါရှိသည်ဟု သံသယရှိသည့် ကမ္ဘာလှည့်ခရီးသည် သုံးဦးမှာ ဆေးရုံတွင် ကုသမှုခံယူလျက် ရှိသည်။

ဂျကာတာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သွေးနမူနာယူ၍ စစ်ဆေးစမ်းသပ်မှု ပြုလုပ်ရန် ယခုအချိန်အထိ အစီအစဉ်မရှိသေးကြောင်း၊ သို့သော် လေဆိပ်သို့ ရောက်ရှိလာသည့် ခရီးသည်အားလုံးကို အပူချိန်တိုင်းကိရိယာဖြင့် စစ်ဆေးပြီး A(H1N1) တုပ်ကွေးရောဂါလက္ခဏာပြသူအားလုံးကို လေဆိပ်ကျန်းမာရေးဌာနသို့ ချက်ချင်းပို့ဆောင်ပေးကာ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဂျကာတာလေဆိပ်တာဝန်ခံက ပြောကြားသည်။ (အင်တာနက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းရည်မှန်းချက် ဥရောပတွင် ဗြိတိန်နောက်ကျကျန်ရစ်နေခဲ့ဟုဆို

လန်ဒန် ဇွန် ၂၉

ဗြိတိန်အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လက်တွေ့ကျင့်သုံးရန် ပြောကြားထားမှုကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မိတ်ဖက်နိုင်ငံဖြစ်လာရန် အခွင့်အရေးဆုံးရှုံးခဲ့ပြီဖြစ်ကြောင်း အင်ဒီပင်းဒင့် သတင်းစာ၌ ဇွန် ၂၈ ရက်က သတင်းထုတ်ပြန်သည်။

ဥရောပတွင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု ဒုတိယအများဆုံးဖြစ်သည့် ဗြိတိန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှု၂၀ ရာခိုင်နှုန်း လျှော့ချရန် ရည်မှန်းချက်ပြည့်မီရေး အခွင့်အလမ်းနည်းပါးနေကြောင်း ယခုသီတင်းပတ်အတွင်း ထုတ်ဝေခဲ့သည့် အစီရင်ခံစာတစ်စောင်ကို ကိုးကား၍ ယင်းသတင်းစာတွင် ဆက်လက်ဖော်ပြသည်။

ဗြိတိန်နိုင်ငံသည် စွမ်းအင်သုံးစွဲမှုစုစုပေါင်း၏ နှစ်ရာခိုင်နှုန်းမျှကို ဖြေရှင်းပေးနိုင်သည့် အသစ်ပြန်လည် ပြုပြင်ပြောင်းလဲအသုံးပြုနိုင်သော စွမ်းအင်ဖြည့်ဆည်းအသုံးပြုမှုတွင် ဥရောပနိုင်ငံအများစု၏ နောက်တွင် နောက်ကျကျန်ရစ်ခဲ့ပြီဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

စွမ်းအင်ပမာဏ

၂၀၂၀ ပြည့်နှစ်တွင် ထပ်လောင်းပြုပြင်အသုံးပြုနိုင်သော အရင်းအမြစ်များမှ ထုတ်လုပ်နိုင်သည့် စွမ်းအင်ပမာဏမှာ အီးယူ၏ရည်မှန်းချက်ဖြစ်သည့် ၂၀ ရာခိုင်နှုန်းနှင့် အလှမ်းကွာလွန်းသည့် ပမာဏဖြစ်သော ငါးရာခိုင်နှုန်းမျှသာ ရှိလိမ့်ဦးမည်ဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

ပြန်လည်ပြုပြင် အသုံးပြုနိုင်သည့် စွမ်းအင်ပမာဏ မြင့်တက်လာသည့် တိုင်အောင် အမိုက်သရိုက်များအပေါ် အလွန်အကျွံ မှီခိုအားထားလွန်းသော ဗြိတိန်နိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ၎င်း၏ ရည်မှန်းချက် စွမ်းအင်ပမာဏ ၄၀ ရာခိုင်နှုန်းနှင့် အလှမ်းဝေးနေဦးမည်ဖြစ်ကြောင်း ယင်းအစီရင်ခံစာက ဆိုသည်။**(အင်တာနက်)**

တရုတ်အလယ်ပိုင်း၌ ရထားနှစ်စင်းတိုက်မိ သုံးဦးသေဆုံး

ပေကျင်း ဇွန် ၂၉

တရုတ်နိုင်ငံအလယ်ပိုင်းတွင် ယနေ့နံနက်စောစောပိုင်းက ခရီးသည်တင်ရထားနှစ်စင်း**(အပေါ်ပုံ)**တိုက်မိခဲ့ရာ သုံးဦးသေဆုံးပြီး ၆၀ကျော်ဒဏ်ရာရရှိသွားခဲ့သည်။

ဟီနန်ပြည်နယ် ချန်ကျို့ဘူတာရုံတွင် နံနက် ၂ နာရီ ၃၄ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားနှစ်စင်းတိုက်မှုဖြစ်ပွားခဲ့ရာ ရထားလမ်းအား ခေတ္တပိတ်ထားခဲ့ပြီး နံနက် ၁၀နာရီရောက်မှသာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့၍ အခြားရထားများမှာ နှောင့်နှေးကြန့်ကြာမှုဖြစ်ပွားခဲ့ရသည်။

ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း ဒေသတွင်းရထားအာဏာပိုင်များက ပြောကြားသည်။ ရထားပို့ဆောင်ရေးဝန်ကြီး လူဇီကျန်မှာ ချန်ကျို့မြို့သို့ သွားရောက်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ကြီးကြပ်ခဲ့သည်။

ရထားနှစ်စင်း တိုက်မိခဲ့သည့်အကြောင်းရင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်အုပ်ချုပ်ရေးဌာနတို့မှ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

အလှမယ်ပြိုင်ပွဲ

ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့၌ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ရွေးချယ်ခံရသူအလှမယ်တစ်ဦးအား ဇွန် ၂၈ ရက်ကတွေ့ရစဉ်။

(အဆိုပါ အရွေးခံရသူအလှမယ်မှာ လာမည့်မယ်စကြဝဠာပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။) **(အင်တာနက်ဓာတ်ပုံ)**

မူးယစ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါး ၅၄တန် အီရန် မီးရှို့ဖျက်ဆီး

တီဟီရန် ဇွန် ၂၉

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် အီရန်နိုင်ငံတစ်ဝန်း မူးယစ်စစ်ဆင်ရေးများမှ သိမ်းဆည်းရရှိသည့် မူးယစ်ဆေးဝါး ၅၄တန်ကို မီးရှို့ဖျက်ဆီးလိုက်ကြောင်း မူးယစ်တိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီးဟာမစ်ရီဇာဟိုစိန်အဘီဒါက ဇွန် ၂၈ ရက်တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အိုလံပစ်ဟိုတယ်၌ အီရန်ထိပ်တန်းအရာရှိများရှေ့မှောက်၌ မူးယစ်ဆေးဝါး တန်ချိန် ၂၀ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အံ့မခန်းစွမ်းဆောင်

ပြီးခဲ့သည့်နှစ်က အီရန်ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်းရှိ နေရာဒေသအနှံ့အပြားမှ မူးယစ်ဆေးဝါးတန်ချိန် ၁၀၀၀ခန့်သိမ်းဆည်းနိုင်မှုမှာ အံ့မခန်းစွမ်းဆောင်နိုင်မှုပင်ဖြစ်ရာ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးနိုင်မှု အများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

အာဖဂန်နစ္စတန်မှ အနောက်နိုင်ငံများသို့ တရားမဝင် မူးယစ်ဆေးဝါးများ တင်ပို့ရောင်းချရာ၌ အီရန်နိုင်ငံမှာ အဓိက ပင်မလမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။ **(အင်တာနက်)**

အနောက်အုပ်စု၏ အီရန်ပြည်တွင်းရေးစွက်ဖက်မှု အီရန်ဘာသာရေးခေါင်းဆောင် ပြင်းပြင်းထန်ထန်ဝေဖန်

တီဟီရန် ဇွန် ၂၉

အီရန်နိုင်ငံ ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက အီရန်နိုင်ငံ၏ ပြည်တွင်းရေးတွင် အနောက်အုပ်စု၏ ဝင်ရောက်စွက်ဖက်မှုကို ဇွန် ၂၈ရက်က ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ကြောင်း ဒေသခံရုပ်မြင်သံကြားသတင်း၌ ဖော်ပြသည်။

ပြင်းပြင်းထန်ထန်ဝေဖန်

အီရန် ဘာသာရေးခေါင်းဆောင်က တီဟီရန်မြို့တော်၌ အီရန်တရားရေးဝန်ထမ်းများအား တွေ့ဆုံမိန့်ခွန်းပြောကြားစဉ် အီရန်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ပြောကြားသည့် အချို့သော အမေရိကန်နှင့်ဥရောပအရာရှိများအား ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ခြင်းဖြစ်သည်။

ဖော်ပြ

အီရန်နိုင်ငံ၌သာ ပြဿနာရှိပြီး ၎င်းတို့၏ နိုင်ငံများတွင် ပြဿနာမရှိလေဟန် ထိုအမေရိကန်နှင့် ဥရောပအရာရှိများက အီရန်ကို အဓိပ္ပာယ်မရှိ ဝေဖန်ပြောကြားကြခြင်းသာဖြစ်ကြောင်း အယာတိုလာ အလီခါမေနီက ပြောကြားလိုက်သည်ဟုလည်း အီရန်ရုပ်မြင်သံကြား အစီအစဉ်၌ ဖော်ပြသည်။

ကန့်ကွက်

ဇွန် ၁၂ရက်က ကျင်းပသည့် (၁၀)ကြိမ်မြောက် အီရန် သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ မာမွတ်အမာဒီနီဂျက်ဇ်က ထောက်ခံမဲ ၆၂ဒသမ ၆၃ရာခိုင်နှုန်းနှင့် အနိုင်ရရှိကြောင်း အီရန် ပြည်ထဲရေးဝန်ကြီး မာဆူလီက ဇွန် ၁၃ရက်၌ ပြောကြားသည်။ ရွေးကောက်ပွဲရလဒ်ကို ရှုံးနိမ့်သူ မူဆာဗီက ကန့်ကွက်သည်။

ပြောကြား

သမ္မတရွေးကောက်ပွဲ ရလဒ်နှင့် စပ်လျဉ်း၍ ဖိအားပေးလာခြင်းကို အီရန်အာဏာပိုင်တို့က အလျှော့ပေးမည်မဟုတ်ကြောင်း ဇွန်၂၄ရက်တွင် အီရန် ဘာသာရေးခေါင်းဆောင်က ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပေကျင်းလေဆိပ်

တရုတ်နိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ A (H1N1) တုပ်ကွေးရောဂါကာကွယ်ရေးအစီအစဉ်တစ်ရပ်အဖြစ် နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသည်တစ်ဦးကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယိုတာမြူဟာ အရောင်းစင်တာ၌ 3G အိုင်ဖုန်း မိတ်ဆက်ပွဲကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ဂျီးရီးယား၌ အဆောက်အအုံပြိုကျ

လာဂို့စ် ဇွန် ၂၉

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့၌ ဇွန် ၂၈ရက်က အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ဒေသတွင်းသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရုတ်တရက်ပြိုကျ

ပြိုကျခဲ့သည့် သုံးထပ်အဆောက်အအုံမှာ လာဂို့စ်မြို့ အီဘူတီဒေသတွင်ရှိကာ ယင်းရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေများကျွံကျကာ ရုတ်တရက်ပြိုကျခဲ့ခြင်း ဖြစ်နိုင်ကြောင်း အဆိုပါသတင်း၌ ပါရှိသည်။

ထပ်မံမြင့်တက်

ကယ်ဆယ်ရေးလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်လျက်ရှိကာ သေဆုံးသူဦးရေမှာလည်း ထပ်မံမြင့်တက်လာနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - ချစ်စိုးနိုင်

ပင်လယ်ရေနက်ပိုင်း ရေနံတူးစင်ပါသင်္ဘော တရုတ်နိုင်ငံ၌ တည်ဆောက်ပြီးစီးဖွင့်လှစ်

တရုတ်နိုင်ငံရှိ တရုတ်ပင်လယ်ကူးသင်္ဘော တည်ဆောက်ရေးကုမ္ပဏီ (စီအိုအက်စ်စီအို) ကုမ္ပဏီလက်အောက်ရှိ နန်တုန်သင်္ဘောကျင်းက ပင်လယ်ရေနက်ပိုင်း ရေနံတူးစင်နှင့် ရေနံသိုလှောင်ကန်ပါသော ဆလင်ဒါပုံသင်္ဘောကြီး (အပေါ်ပုံ) ကို တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်လိုက်သည်။

ပထမအကြိမ် အာဆီယံ-ဂျီစီစီအစည်းအဝေး မလေးရှားနိုင်ငံခြားရေးဝန်ကြီး တက်ရောက်မည်

ဘာရိန်းနိုင်ငံတွင် ကျင်းပမည့် ပထမအကြိမ် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ)-ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)ဝန်ကြီးများအစည်းအဝေးသို့ မလေးရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီး အနီဖက်ချ်အမန် ဦးဆောင်တက်ရောက်မည်ဖြစ်သည်။

အာဖဂန် ဘက်ချ်ဆွတ်ခရိုင်၌ ကားဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၏ အရှေ့ဘက် နန်ဂါဟာပြည်နယ် ဘက်ချ်ဆွတ်ခရိုင်၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကလေးတစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

A(H1N1)ဖြစ်ပွား၍ ထိုင်း၌ သုံးဦးသေဆုံး

ထိုင်း၌ ရေတပ်စစ်မှုထမ်းတစ်ဦး ဇွန် ၂၉ရက် နံနက်ပိုင်းက A(H1N1)တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရာ ယင်းရောဂါကြောင့် သေဆုံးသူ သုံးဦးရှိပြီး ကူးစက်ရောဂါဖြစ်ပွားသူ ၁၃၃၀ ရှိပြီဖြစ်ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဒါကာ၌ အထည်အလိပ်စက်ရုံ မီးလောင်မှုဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ဆင်ခြေဖုံးဒေသဖြစ်သည့် အရှုလာအရပ်ရှိ အထည်အလိပ်စက်ရုံ (အောက်ပုံ) မီးလောင်မှုဖြစ်ပွားခဲ့ရာ ကားများနှင့် စက်ပစ္စည်းများ၊ အထည်အလိပ်များ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဟန်ဂေရီမြို့တော် ဘူဒါပက်၌ ရေလွှမ်း

*ဟန်ဂေရီနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်း၍ ဓနုဘ်မြစ်ရေလျှံကာ မြို့တော် ဘူဒါပက် **(အပေါ်ပုံ)** ၌ ရေလွှမ်းမှုဖြစ်ပွားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။*

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ရန် ကမ္ဘောဒီးယားနှင့် ဘာရိန်း လက်မှတ်ရေးထိုးမည်

ကမ္ဘောဒီးယားနှင့် ဘာရိန်းဆက်ဆံရေးကို တိုးမြှင့်သည့်အနေဖြင့် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးထူထောင်ရန် လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား အရာရှိတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှား ပါပူဝါ၌ လေယာဉ်ငယ်ပျောက်ဆုံးနေ

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါကျွန်းရှိ ဒီကိုင်မြို့မှ ဝါမီနာမြို့သို့ ပျံသန်းခဲ့သော လူသုံးဦးပါ စက်နှစ်လုံးတပ် လေယာဉ်ငယ်တစ်စင်း ပျောက်ဆုံးနေကြောင်း သတင်း၌ဖော်ပြသည်။

အူရောင်ရမ်းနာကြောင့် သေဆုံးသူ နီပေါနိုင်ငံ၌ ၃၂ဦး ရှိလာ

နီပေါနိုင်ငံအနောက်အလယ်ပိုင်း ဂျာဂျာကော့တ်ခရိုင်တွင် အူရောင်ရမ်းနာရောဂါကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် မေလ ပထမသီတင်းပတ်ကတည်းက စတင်ဖြစ်ပွားခဲ့သော ယင်းရောဂါကြောင့် သေဆုံးသူ ၃၂ ဦး ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နောင်လာနောက်သားမျိုးဆက်များ အဘက်ဘက်တွင် မြင့်မားတိုးတက်စေရေးနှင့် ကမ္ဘာ့အလယ်တွင် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားများ တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေး တစ်မျိုးသားလုံး၏ အရည်အသွေးကို ပညာရေးအခြေခံ အုတ်မြစ်ပေါ်တွင် ခိုင်ခိုင်မာမာတည်ဆောက်ထား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၈)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၈)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

နှစ်ရှည်စီမံကိန်း

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာ၌ ယနေ့မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍတွင် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကိုရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် အညီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ဖော်ဆောင်လျက်ရှိကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော်ရာတွင် အခြေခံပညာကဏ္ဍအနေဖြင့် ဦးတည်ချက်(၅)ရပ်၊ လုပ်ငန်းစဉ်(၁၀)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍဦးတည်ချက်များတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် ကာယ၊ ဉာဏလုပ်သားများ ဖြစ်လာစေရေး၊နိုင်ငံ့အကျိုးကို ရှေးရှုသည့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှု အခြေခံများချမှတ်ပေးရေး၊ ကုန်ထုတ်လုပ်မှု စွမ်းအားတိုးတက်ရေးနှင့် ထက်မြက်ရေးအတွက် အထောက်အကူပြုမည့် သိပ္ပံပညာကို ဦးစားပေးရေး၊ နိုင်ငံတော်၏ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ ထိန်းသိမ်းရေးနှင့် တိုးတက်ရေးအတွက် ဝိဇ္ဇာပညာကိုလည်းဦးစားပေးရေး၊ တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ခိုင်မြဲသည့် ပညာအခြေခံတည်ဆောက်ပေးရေးဆိုသည့် ဦးတည်ချက်များ ချမှတ်ထားကြောင်း။

အနာဂတ်နိုင်ငံတော်သစ်

အခြေခံပညာကဏ္ဍနှင့် အလားတူ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူခဲ့ရသည့်နောက်ပိုင်း၌ မိမိတို့ကိုယ်ပိုင်စွမ်းအားနှင့် ပြည်တွင်းအားကို စုစည်းကာ ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ် နိုင်ငံတော်သစ်ကို တည်ဆောက်သွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ခိုင်ခိုင်မာမာ

မျက်မှောက်ကာလ (၂၁)ရာစု နိုင်ငံတကာအခြေအနေကို ကြည့်လျှင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတွင် သမိုင်းကြောင်းတစ်လျှောက် မကြုံတွေ့ဖူးသည့် စိန်ခေါ်မှုများ၊ အကျပ်အတည်းများ အများအပြားပေါ်ပေါက်နေချိန်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ အခက်အခဲအကျပ်အတည်းများ ပေါ်ပေါက်နေသော်လည်း မိမိတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရုံသာမက မိမိတို့ နောင်လာနောက်သားမျိုးဆက်များအနေဖြင့် အဘက်ဘက်တွင် တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်သွားစေရေး၊ ကမ္ဘာ့အလယ်တွင် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားများ တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးတို့အတွက် မလွဲမသွေ ဆောင်ရွက်ကြရမည့် အချက်သည် တစ်မျိုးသားလုံး၏ အရည်အသွေးကို ပညာရေးအခြေခံ အုတ်မြစ်ပေါ်တွင် ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရေးပင်ဖြစ်ကြောင်း။

မိမိနိုင်ငံနှင့် လူမျိုးအတွက် မြင့်မြတ်သည့်အမျိုးသားရေးဆိုင်ရာ ယုံကြည်ချက်၊ ခံယူချက်များသည် နိုင်ငံသားတိုင်းတွင် ကိန်းဝပ်တည်ရှိနေမြဲဖြစ်သော်လည်း မိမိနိုင်ငံ၏သမိုင်းစဉ်ကို မှန်ကန်စွာ သိမြင်နားလည်မှု၊ ဖြတ်သန်းခဲ့သည့် အတိတ်သမိုင်းကြောင်းတစ်လျှောက်နှင့် မျက်မှောက်ကာလအထိ ပြည်တွင်းပြည်ပ ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ရှုထောင့်အမျိုးမျိုးမှ အသိပညာနှင့်ယှဉ်ပြီး ဝေဖန်သုံးသပ်နိုင်မှု၊ အမျိုးသားရေးသင်ခန်းစာ ရယူနိုင်မှုများ အစဉ်တစိုက်ရှိနေရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအပေါ် မရိုးသားသည့် နိုင်ငံရေး၊ စီးပွားရေးရည်ရွယ်ချက်များအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အရေခြုံထိုးဖောက်နေသည့် ခေတ်သစ်သတင်းစစ်ပွဲ မဟာဗျူဟာ၊ နည်းဗျူဟာများကို ရင်ဆိုင်ကျော်လွှားပြီး အမျိုးသားရေးလမ်းကြောင်းပေါ်၌ တည်ကြည်မြဲမြံစွာ ရပ်တည်သွားနိုင်မှာ ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုစိတ်ဓာတ်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း၊ ဤအချက်ကိုသိမြင်သည့် ကိုလိုနီနယ်ချဲ့တို့အနေဖြင့် မြန်မာတိုင်းရင်းသားများအား ကျွန်သက်ရှည်ကြာ စိုးမိုးအုပ်ချုပ်နိုင်ရေးအတွက် သွေးခွဲအုပ်ချုပ်မှုနည်းလမ်းမျိုးစုံနှင့် ပြည်ထောင်စုစိတ်ဓာတ်ဖြိုခွဲရေး ကြိုးပမ်းအားထုတ်ခဲ့ကြခြင်းသည် ထင်ရှားသောသမိုင်းသက်သေများပင်ဖြစ်ကြောင်း၊ အလားတူလွတ်လပ်ရေးရပြီးကာလ တစ်လျှောက်တွင်လည်း မိမိတို့နိုင်ငံအပေါ် အမြတ်ထုတ်လိုသည့် ပြည်ပနိုင်ငံကြီးများအနေဖြင့် မိမိတို့တိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ်လျော့ပါးအားနည်းစေရေး ကြိုးပမ်းခဲ့ကြသည်ကို မမေ့မလျော့ သတိပြုကြရမှာဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ ခိုင်ကျည်မြဲမြံသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေး အတွက် ကြိုးပမ်းသွားနိုင်မှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကို အခြေခံသည့် စည်းလုံးညီညွတ်မှု စွမ်းအား၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများကသာ ဖန်တီးနိုင်စွမ်းရှိသည့် စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုစွမ်းအား၊ အရည်အသွေး ပြည့်ဝမြင့်မားပြီး တိုင်းချစ်ပြည်ချစ် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ၏ စွမ်းအားများနှင့်သာ မိမိတို့မျှော်မှန်းတည်ဆောက်နေသည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရေး အတွက် ဖန်တီး ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

ပြုစုပျိုးထောင်

အထူးသဖြင့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်း တာဝန်ယူသွားကြရမည့် မျိုးဆက်သစ်လူငယ်များအား အနီးကပ် ကိုင်တွယ်ထိန်းသိမ်းပြီး ပြုစုပျိုးထောင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ခိုင်မာသည့် အမျိုးသားရေးခံယူချက်များနှင့်အတူ မိမိတို့၏ သင်ကြားရေးဆိုင်ရာ အရည်အသွေးများကို ခေတ်နှင့်အညီ အစဉ်အမြဲမြှင့်တင်သွားကြရန် လိုအပ်ကြောင်း။

ပညာရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ဆရာနှင့် ကျောင်းသားများသာမက မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးပါသည့် အချက်တစ်ရပ်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့် ပညာရေးလုပ်ငန်းစဉ်များကို သိမြင်နားလည်ပြီး ပူးပေါင်းအကောင်အထည်ဖော်ရေးအတွက်လည်း ဆရာ ဆရာမများ၏ အသိပညာပေး စည်းရုံးမှုအပေါ် မူတည်လျက်ရှိကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

တစ်ချိန်တည်းတွင် နိုင်ငံတော်အနေဖြင့် ပြည်နယ်နှင့်တိုင်းအားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းနှင့်အတူ တစ်ဆက်တစ်စပ်တည်း သိမြင်ဖို့ လိုအပ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ အခြေခံပညာ ဆရာ ဆရာမ ၁၅၀၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(သပြေကုန်း)တွင် ၀ဒသမ၈၇ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၀ဒသမ၄၇လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၈၈ လက်မ၊ မိုးကုတ်မြို့တွင် ၂ဒသမ၈၃လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ၅၆လက်မ၊ ဟသ်ာတမြို့တွင် ၂ဒသမ၅၂လက်မ၊ ရွှေကျင်မြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၁ဒသမ၇၇ လက်မစီနှင့် ပဲခူးမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ဒသမ၇၃လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန်လ ၃၀ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၆-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို အေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ **နင်းကြည့်စမ်းပါ**
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ ရွှေလီတံတား(နမ့်ခမ်း)
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာ အထူးပြုများ) (ဒဿနိကဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **စပါးကရွှေ ငါးကငွေ** ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး
- ၅:၂၀ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၄၀ ၁၀။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၅၀ ၁၁။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၅။ ဆိုလိုက်ကြစို့
- ၇:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၁၈)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (အပိုင်း-၇)
- ၂၂။ အစီအစဉ်ပြီး၏။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကြည့်ရှု

နေပြည်တော် ဇွန် ၂၉

ဧရာဝတီတိုင်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၃ ရက်က ပုသိမ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင်ကျောင်းသားမိဘများ ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကင်းမြို့နယ်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၂၉

ရန်ကင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး စံ(၅)ရပ်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ဇွန်၂၄ရက်က အမှတ် (၅)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်းနှင့်အတူ ရပ်သံကျွမ်းကျင် (၃) ဒေါ်မြတ်မြတ်အေးက စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးရေးအကြောင်း ဟောပြောဆွေးနွေးပြီး စာကြည့်တိုက်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူး၊ တွဲဖက်စာကြည့်တိုက်မှူးနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာသင်စရိတ်

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီး ၁၁ဦးအတွက် ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ပွဲကို ဇွန်၂၆ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ငွေကျပ်၂၀၀၀၀၀နှင့် စာရေးကိရိယာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ရုံးဌာနခွဲစာရေးကြီး ဦးထွန်းကြိုင်သို့ ပေးအပ်စဉ်။ (၁၂၃)

ဥတုရာသီ တောကိုမှီ၍

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အားပေး

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ဆုချီးမြှင့်

တော်များသည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများက ဆုရရှိကြသူများအား တစ်ဦးချင်းဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးက ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ပြီး**(အပေါ်ပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရိဘောဂ အရောင်းပြခန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

èko Office Furniture Showroom ဖွင့်ပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာရှိ èko Showroom ၌ ကျင်းပရာ Nat Ray Co., Ltd. မှ Managing Director ဒေါ်ခင်မာလာ၊ Don-Ray Int' Ltd. (Singapore) မှ Chairman Mr. Gilbert Chua နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလွင်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

Nat Ray Co.,Ltd. ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော èko Office Furniture Showroom မှ အရည်အသွေးကောင်း ခေတ်မီ Design Office Furniture များကို (၂၁)ရာစု ခေတ်မီတိုးတက်သော နိုင်ငံတကာအဆင့်မီ ရုံးခန်းများ၌ ဖြည့်ဆည်းပေးချင်သောဆန္ဒဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

èko Office Furniture Showroom မှ အဆင့်မီ ရုံးတစ်ရုံး၏ လိုအပ်ချက်နှင့်အညီ မိမိကြိုက်နှစ်သက်ရာ ဒီဇိုင်းများကို ရွေးချယ်မှာယူနိုင်ခြင်း၊ မိမိတို့ကုမ္ပဏီ Logo အရောင်နှင့် လိုက်ဖက်သည့် Furniture အရောင်ကို ရွေးချယ်မှာယူနိုင်ခြင်း၊ သင့်တင့်သောဈေးနှုန်းများနှင့် Quality ပစ္စည်းများကို မှာယူနိုင်ခြင်း၊ မိမိကြိုက်နှစ်သက်ရာ အရေအတွက်နှင့် အရည်အသွေးကို ကြိုတင်မှာယူနိုင်ခြင်း စသည့်ဝန်ဆောင်မှုများ၊ ရုံးသုံးပရိဘောဂများအပြင် စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် ကျောင်းများအတွက်ပါ နောက်ဆုံးပေါ် Designer Choice Furniture များကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိသည်။

လာရောက်လေ့လာ

အသေးစိတ်သိရှိလိုပါက èko Office Furniture Showroom အခန်းအမှတ်(A-2) မြေညီထပ် ရွှေကမ္ဘာအိမ်ရာ မင်းဓမ္မလမ်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၃၉၁ သို့ လာရောက်လေ့လာအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့၌ ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

ကျောက်ဆည် ဇွန် ၂၉

ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ အခမ်းအနားကို ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ ဇွန် ၂၁ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးသန်းစိုးမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်ဥပဒေများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်ဝင်းဖြူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကိုလည်းကောင်း ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသက်က မော်တော်ယာဉ်များ လမ်းအညွှန်း၊ လမ်းအမှတ်အသားများနှင့် လိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောကြရာ ခရိုင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အမျိုးသမီးများနေ့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2009

ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာကုသဌာနရှိ လူနာများနှင့် ပြည်သူများအား တွေ့ဆုံ၍ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပြည်သူလူထုက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများကို ရှင်းလင်းပြောကြားစဉ်။ (ကျန်းမာရေး)

ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာမြဦး

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၉

ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇွန်၂၈ရက်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်)သို့ သွားရောက်၍ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နိုင်ငံတကာမှ လေကြောင်းဖြင့် ဝင်ရောက်လာသူများအား ရောဂါစစ်ဆေးစောင့်ကြပ်မှုလုပ်ငန်းကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အမှာစကားပြောကြား

ကူးစက်ရောဂါ တိုက်ဖျက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ယနေ့ နံနက်ပိုင်းတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်/ဆရာမများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ယနေ့ကမ္ဘာ၌ ကူးစက်ပြန့်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်စပ်လျဉ်း၍ရောဂါပေါင်းစပ်ဖြစ်ပေါ်လာပုံ၊ ကူးစက်ပြန့်ပွားနိုင်သည့် နည်းလမ်းများ၊ ရောဂါရှာဖွေတွေ့ရှိနိုင်သည့် နည်းလမ်းများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ရောဂါကူးစက်မှုသတင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိသော ကုသမှုဆိုင်ရာ လုပ်ငန်းများနှင့် ရောဂါပျံ့နှံ့ ကူးစက်မှုမရှိအောင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ ပြင်ဆင်ထားရှိသော ဖျားနာလူနာကုသဆောင်နှင့် ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို တင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးက ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများ အားလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဖျားနာပြင်ပ လူနာကုသဆောင်သစ်၊ အထူးကုပြင်ပလူနာကုသဆောင်၊ ခေတ်မှန်ဌာနနှင့် ပြင်ပလူနာကုသဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ပြင်ပလူနာဌာနရှိ လူနာများနှင့် ပြည်သူများအား တွေ့ဆုံ၍ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက်ပြည်သူများက လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများနှင့် ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (ပြည်ပဆိုက်ရောက်)သို့ သွားရောက်၍ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ယမန်နေ့က ပြင်ဆင်ရန် မှာကြားခဲ့မှုများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်ငံတကာမှလေကြောင်းဖြင့်ဝင်ရောက်လာသူများအား ရောဂါစစ်ဆေးစောင့်ကြပ်မှုလုပ်ငန်းကိုကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတွဲ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့်ဒီရေတောထိန်းသိမ်းရေး ပညာပေး ဟောပြောခြင်းနှင့် ဒီရေတော စိုက်ပျိုးပွဲ အခမ်းအနားကို သံတွဲမြို့နယ် ဝက်ထီးတောင် ကျေးရွာအုပ်စု ထီးတူးကျေးရွာတွင် ဇွန်၂၄ရက်က ကျင်းပရာ သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမြင့်ရွှေက ဒီရေတော ပျိုးပင်များ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ပြည်သူလူထုအားလုံးက တစ်ဦးချင်းအနေဖြင့် ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါမည်-

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါအခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- နှာချေ၊ ချောင်းဆိုးပြီးချိန်၊
- လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊
- လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊
- မိမိ၏ ပါးစပ်နှာခေါင်းစည်း ဖြုတ်သောအချိန်၊
- အစာမစားမီနှင့် စားပြီး ပြီးချိန်၊
- လက်ကို ဆပ်ပြာဖြင့်စင်ကြယ်စွာ ဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

မေး။ ။ ပါးစပ်နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါ ကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲသွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ်နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျအသုံးပြုရန် လိုအပ်ပါသည်-

- ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊
- ပါးစပ်နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာကပ်နိုင်သဖြင့် အသစ်လဲလှယ်တပ်ဆင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊
- တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊
- ပြန်လည်အသုံးပြုနိုင်သော ပါးစပ်နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာလျှော်ဖွပ်၍ အသုံးပြုရမည်၊
- ပိုးသန့်စင်ရာတွင် ၀.၅% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်းနှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်၊ အရက်ပြန် (Alcohol rub)ကို အသုံးပြုနိုင်သည်၊
- ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျ အသုံးပြုမှသာ ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန်၂၇ရက် နံနက် ၉နာရီတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြန်လည်ဖြေကြား

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးဒေါက်တာအောင်ကျော်လှိုင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်က New Influenza A(H1N1) ရောဂါ ကမ္ဘာပေါ်၌စတင်ဖြစ်ပွား ကူးစက်ပျံ့နှံ့မှုအခြေအနေကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးက ကမ္ဘာ့တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်ကျောင်းများတွင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာဖြူဖြူအေးက သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများနှင့် လူနာပြုစုမှုနည်းလမ်းများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာအောင်ထွန်းက ကျောင်းကျန်းမာရေးကဏ္ဍတွင် ဦးစားပေးဆောင်ရွက်သင့်သည့် ရောဂါကာကွယ်နှိမ်နင်းရေးအစီအစဉ်များကိုလည်းကောင်း ဟောပြောကာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲကို နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းစာသင်ခန်းနှင့် ရုံးလိုက်ကာခန်းဆီးများကို ခြင်နိုင်ဆေးစိမ်ပေးခြင်းနှင့် ဆေးရည်စိမ်နည်းလမ်းများ လက်တွေ့ပြုလုပ်သင်ကြားပြသစဉ်။

(သတင်းစဉ်)

လက်တွေ့ပြုလုပ်

ယင်းနောက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအစီအစဉ်အရ ကျောင်းစာသင်ခန်းများ၊ ရုံးခန်းများ၊ ဝန်ထမ်းအိမ်ရာများကို ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ရေကန်များအတွင်း ပိုးလောက်လမ်းသေစေသည့် Abate ဆေးများ ခတ်ပေးခြင်း၊ ကျောင်းစာသင်ခန်းနှင့် ရုံးလိုက်ကာခန်းဆီးများ ခြင်နိုင်ဆေးစိမ်ပေးခြင်းနှင့် ဆေးရည်စိမ်နည်းလမ်းများကို လက်တွေ့ပြုလုပ် သင်ကြားပြသခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဆက်သွယ်ရေးရုံးဘေးရှိ Public Access Centre နှင့် လူငယ်များ အင်တာနက်သုံးစွဲနေမှုကို ဤသို့ တွေ့မြင်ခဲ့ရသည်။
(မြန်မာ့အလင်း)

● *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးတိုးတက်နေသော ပဲခူးတိုင်း ပဲခူးမြို့ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးသို့ သွားရောက်၍ မကြာမီက လေ့လာကွင်းဆင်း မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာဆက်သွယ်ရေးလုပ်ငန်းနှင့် ဖွဲ့စည်းပုံအဆင့်ဆင့်ကို မေးမြန်းကြည့်ရာ ''ပဲခူးတိုင်း မန်နေဂျာက ပဲခူးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း စသည်ဖြင့် ကဏ္ဍသုံးခုရှိကြောင်း'' ရှင်းပြသည်။

စာတိုက်ကဏ္ဍ

စာတိုက်ကဏ္ဍနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ ''ပဲခူးတိုင်းတွင် လုပ်ငန်းပြည့်စာတိုက် ၄၁ တိုက်၊ ကန့်သတ်စာတိုက်၁၇တိုက်၊ ကျေးရွာကိုယ်စားလှယ် စာတိုက် ၁၃တိုက် စုစုပေါင်း၇၁တိုက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ အမြန်ချောပို့လုပ်ငန်းဖြင့် ပဲခူး၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူ လေးမြို့နယ်တို့တွင် လက်ခံဆောင်ရွက်ပေးကြောင်း၊ ယခုအခါ ပြည်တွင်း အမြန်ချောပို့ ခြေရာခံ ခြေရာကောက်စနစ်ဖြင့် Domestic Express Mail Service Track and Trace Project ကို မြန်မာနိုင်ငံ တစ်နိုင်ငံလုံး မြို့ပေါင်း ၂၆မြို့တွင် ၂၀၀၉ခုနှစ် မေ၁ရက်မှ စတင်၍ စမ်းသပ် အသုံးပြုလျက်ရှိပြီး ပဲခူးတိုင်းရှိ ပဲခူးရုံးနှင့် တောင်ငူရုံးတွင်သာ အသုံးပြုနေကြောင်း သိရသည်။

အမြန်ငွေပို့လွှာ (EMO)အနေဖြင့် ပဲခူးတိုင်းတွင် ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဖြူး၊ တောင်ငူ၊ ကေတုမတီ၊ ရေတာရှည်၊ ဆွာ မြို့ပေါင်း ၁၁ မြို့တွင် လက်ခံဆောင်ရွက်ပေးနေကြောင်း၊ အဆိုပါ မြို့များမှနေ၍ ဖက်(စ်) အသုံးပြုပြီး အမြန်ငွေပို့လွှာလုပ်ငန်းကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင်ရှိသော စခန်းမြို့ပေါင်း ၁၇၀ သို့ နေ့ချင်းရောက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဖက်(စ်)ကြေးနန်း

စာပို့စနစ်မှသည် ကွန်ပျူတာနှင့် ဖက်(စ်)စနစ်သို့ ပြောင်းလဲ အသုံးပြုနေသော ကြေးနန်းရုံး ခြောက်ရုံးရှိပြီး စာတိုက်နှင့်ကြေးနန်း ပူးတွဲသော ရုံး ၁၈ရုံး စုစုပေါင်း၂၄ရုံး ရှိကြောင်းသိရသည်။ ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပဲခူးနှင့် တောင်ငူတွင် ဖက်(စ်)ကြေးနန်းကောင်တာခွဲ တစ်ခုစီ ဖွင့်လှစ်ပြီး ကြေးနန်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူး၊ ညောင်လေးပင်၊ တောင်ငူမြို့တို့တွင် e-telegram အသုံးပြု၍လည်း ဆောင်ရွက်နိုင်ပါသည်။ e-telegram အသုံးပြုနိုင်သည့် ရုံးများကို ပဲခူး၊ ညောင်လေးပင်၊ တောင်ငူမြို့တို့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးနှင့် တောင်ငူရုံးများကို ၂၀၀၉ခုနှစ် ဇွန် ၈ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့ ဆက်သွယ်ရေးစခန်း စာတိုက်သို့ရောက်ရှိစဉ်အတွင်း ပစ္စည်း အမြန်ချောပို့သူ၊ ဖက်(စ်) ကြေးနန်းပို့သူနှင့်e-telegram အသုံးပြုသူများကို ပျားပန်းခပ်မျှ မြင်တွေ့ခဲ့ရသည်။

ပဲခူးတိုင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးတစ်လျှောက် CDMA-450 Mobile အများပြည်သူသုံးတယ်လီဖုန်းရုံများတွင် ခရီးသွားပြည်သူများနှင့် ဒေသခံ ကျေးရွာပြည်သူများ ဆက်သွယ်ပြောဆိုနေမှုကို ဤသို့ တွေ့ခဲ့ရသည်။
(မြန်မာအလင်း)

တယ်လီဖုန်း

တယ်လီဖုန်း ဆက်သွယ်မှုကဏ္ဍအနေဖြင့် အော်တိုအိတ်ချိန်းရုံး ၁၇ရုံး၊ လက်လှည့် အိတ်ချိန်းရုံး ၃၆ ရုံးရှိကြောင်း၊ ယခင်က ပဲခူးနှင့် တောင်ငူသာ အော်တိုအိတ်ချိန်းများ ရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပဲခူးတိုင်းအတွင်းရှိ သနပ်ပင်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်း၊ ဖြူး၊ ကေတုမတီမြို့သစ်များ၌ ယခင် လက်လှည့် အိတ်ချိန်းများကို ခေတ်မီ အော်တိုအိတ်ချိန်းစနစ်ဆီသို့ တစ်ဆင့် ပြောင်းလဲတိုးမြှင့်၍လည်းကောင်း၊ ဥဿာမြို့သစ်၊ ဘုရားကြီး၊ ဝေါ၊ ပျဉ်ပုံကြီး၊ ရေတာရှည်၊ ဆွာမြို့များ၌ အိတ်ချိန်းသစ်များကိုလည်းကောင်း တစ်မြို့ပြီး တစ်မြို့ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် တိုးချဲ့ဆောင်ရွက်နေမှုအနေဖြင့် ကဝ၊ ထုံးကြီး၊ ကျောက်ကြီး၊ အုတ်တွင်း၊ မြို့လှ၊ရေနီမြို့များ၌ အော်တိုအိတ်ချိန်းသစ်များအား တည်ဆောက်လျက်ရှိပြီး ၂၀၀၉ခုနှစ်အတွင်း ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်နှုန်းမြင့်

ယနေ့တိုးတက်ပြောင်းလဲနေသော အိုင်တီခေတ်နှင့်လျော်ညီစွာ ADSL (မြန်နှုန်းမြင့်) ဆက်သွယ်ရေးစနစ်ကို ပဲခူးမြို့နှင့်တောင်ငူမြို့များတွင် တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း၊ ယင်းမြို့များတွင် အင်တာနက်၊ e-mail များကို သုံးနေကြပြီဖြစ်ပါကြောင်း တိုင်းမန်နေဂျာက ရှင်းပြပြီး Public Access Centre သို့ လိုက်ပြခဲ့သည်။ ဆိုင်ထဲတွင် အင်တာနက် အသုံးပြုနေကြသော အိုင်တီဝါသနာရှင် လူငယ်များကို တွေ့ရသည်။

မိုက္ကရိုဝေ့ဗ်စခန်း

မိုက္ကရိုဝေ့ဗ်စခန်း တည်ဆောက်ပေးမှုအခန်းကဏ္ဍအနေဖြင့် ယခင်က ပဲခူးနှင့် တောင်ငူမြို့တွင်သာ ရှိခဲ့ရာမှ ယခုအခါ အော်တိုအိတ်ချိန်းများကို တိုးချဲ့တည်ဆောက်လျက် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသစ်များကို ဘုရားကြီး၊ ပျဉ်ပုံကြီး၊ ဝေါ၊ ဒိုက်ဦး၊ ရွှေကျင်၊ ပဲနွယ်ကုန်း၊ ဖြူး၊ ဆွာ စုစုပေါင်း ၁၀ခု တပ်ဆင်ပြီးဖြစ်သည်။ ထပ်မံ၍လည်း ကျောက်ကြီးနှင့် ကဝမြို့ စခန်းနှစ်ခုကို မကြာမီ တိုးချဲ့တည်ဆောက်ပေးတော့မည်ဖြစ်ကြောင်းနှင့် ခေတ်မီဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှုနှင့်အတူ ယခင်က မရှိသော CDMA-450 Mobile စခန်းများအား ပဲခူး၊ ဒိုက်ဦး၊ ပဲနွယ်ကုန်း၊ ဖြူး၊ တောင်ငူတို့တွင် တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့၍ CDMA-450 Mobile တယ်လီဖုန်းများ အကြားအလပ်မရှိ ဆက်သွယ်ပြောဆိုနိုင်ရန် ဆောင်ရွက်ပေးထားသဖြင့် ယခုဆိုပါလျှင် အော်တိုတယ်လီဖုန်းနှင့် လက်လှမ်းမမီသော ကျေးရွာများတွင် CDMA-450 Mobile တယ်လီဖုန်းများဖြင့် လယ်ယာလုပ်ငန်းခွင်သို့တိုင် အလွယ်တကူ သယ်ဆောင်၍ ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်သည်။

ဂျီအက်စ်အမ်

GSM Mobile စခန်းများကိုလည်း အင်းတကော်၊ ပဲခူး၊ ဘုရားကြီး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ပဲနွယ်ကုန်း၊ ဖြူး၊ တောင်ငူမြို့များ၌ တစ်ခုပြီး တစ်ခု တိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့၍ ယခင်က မြို့ကြီးများတွင်သာ ဆက်သွယ် ပြောဆိုနိုင်ခဲ့ရာမှ ယခုအခါ ကျေးရွာများတွင်လည်း GSM တယ်လီဖုန်းများကို ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်၍ မြို့ကြီးများနှင့် မခြားတိုးတက်မှုတွင် နောက်ကျ မကျန်ရစ်ဘဲ ရှိနေသည်ကို ကြားသိခဲ့ရသည်။

အကျိုးရလဒ်

ပဲခူးတိုင်း ဒေသတွင် အများပြည်သူသုံး တယ်လီဖုန်း ဆက်သွယ်နိုင်ရေးကို ကျေးလက်အရောက် ၂၀၀၁ခုနှစ်က စတင်၍ ဆောင်ရွက်ပေးထားသည့်အပြင် အော်တိုတယ်လီဖုန်း ဆက်သွယ်မှုမရသော ရန်ကုန်-မန္တလေးဟိုင်းဝေးအမြန်ကားလမ်းမကြီးနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အများပြည်သူသုံး အော်တိုတယ်လီဖုန်းများအပြင် CDMA-450 Mobile တယ်လီဖုန်းများအား စီစဉ်တပ်ဆင်ပေးထားခဲ့မှုကြောင့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ မြန်မာပြည် တစ်နံတစ်လျားသို့သာမက ကမ္ဘာတစ်ဝန်းသို့ပင် ဆက်သွယ်၍ ရနေပေပြီ။ ယင်းတို့မှာ ငြိမ်းချမ်းခြင်း၏ ရလဒ်၊ ဖွံ့ဖြိုးခြင်း၏ အကျိုးရလဒ်ပင်တည်း။

သို့ဖြစ်၍ ပဲခူးတိုင်းသည် ယခင်ကနှင့်မတူ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာသည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြို့ပြနှင့် ကျေးရွာများအရောက် ဆက်သွယ်ရေးကဏ္ဍများကို ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက် အဆင့်မြင့်မားလာလျက် ရှိနေသည်ကို သတင်းမြင်ကွင်း ကွင်းဆင်းစေ့ငု ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လက်လှည့်အိတ်ချိန်းမှ ခေတ်မီအော်တိုအိတ်ချိန်းစနစ်ဆီသို့ တစ်ဆင့် ပြောင်းလဲတိုးမြှင့်၍ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့၌ ခေတ်မီ ဒစ်ဂျယ်တယ်အော်တိုအိတ်ချိန်းသစ်ကို ဤသို့ တည်ဆောက် ဖွင့်လှစ်ပေးထားသည်။
(မြန်မာ့အလင်း)

ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း သမဝါယမအသင်းများမှ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၂၆ရက်က ပြည်တွင်းအခွန် ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များထံ ဝင်ငွေခွန်ကြေညာလွှာနှင့် ကြိုတင်ဝင်ငွေခွန်များ စုပေါင်းပေးအပ်စဉ်။
(၁၃၅)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ဝန်ထမ်းများ ဇွန် ၁၅ရက်က (၁+၂)ရပ်ကွက် ရောင်ခြည်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ သတ်မှတ်စံ (၅)ရပ်နှင့်အညီ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးစဉ်။
(မြို့နယ် ပြန်/ဆက်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + မေတ္တာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အသိတစ်လုံး အပြုံးကိုယ်စီ** တရားတော် (ဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိ)
၆:၅၀	တောင်းဆုအမှန်ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၄၇)
၈:၃၀	Sunday Talk
၉:၃၀	Sports World (World Athletics Tour)
၁၀:၀၀	Omega-3 Fatty Acids
၁၀:၂၀	Activities in the City (Rh D Negative နှင့် Panel Cell သွေးလှူရှင်များ)
၁၀:၃၀	ဖွံ့ဖြိုးတိုးတက်ဝေဆာနေ တောင်ကုတ်အလှမြေ
၁၀:၄၅	ကောင်းကင်ယံကအန္တရာယ်
၁၁:၀၀	Cartoon Show Time (Ratatouille)
၁၁:၄၀	သင်ကြားရေးလမ်းညွှန် (Song ကိုရီးယားဘာသာစကားသင်တန်း)
၁၂:၀၅	လရောင်အေးထဲက လေးနက်သောအိပ်မက်များ
၁၂:၂၀	ရွက်ခေါက်သီးမြစ်တို့၏ ကောင်းကျိုးဆိုးပြစ် (အပိုင်း-၂)
၁၂:၄၅	တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၁:၀၀	**အသိတစ်လုံးအပြုံးကိုယ်စီ** တရားတော် (ဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိ)
၁:၅၀	တောင်းဆုအမှန်ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Hip Hop Fashion)
၃:၂၀	ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၃:၅၀	Omega-3 Fatty Acids
၄:၀၅	Activities in the City (Rh D Negative နှင့် Panel Cell သွေးလှူရှင်များ)
၄:၂၅	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၄:၄၅	နေချင်စဖွယ်အိမ် အလှဆင်ကြမယ် (ARTS Sanitary Wares & Nobility Doors)
၅:၀၀	VJ Choice
၅:၃၀	Celebrity Profile (Lindsay Lohan)
၆:၀၀	MRTV-4 သတင်း
၆:၁၅	World of Knowledge (Gerbil Plague)
၇:၀၀	Fashion Music Festival (Hip Hop Fashion)
၇:၄၀	သင်ကြားရေးလမ်းညွှန် (Song ကိုရီးယားဘာသာစကားသင်တန်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	Celebrity Profile (Lindsay Lohan)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၇)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ် Wembledon Tennis 2nd Round
၁၁:၄၅	တီကောင်စွန့်ပစ်ဩဂဲနစ်
၁၂:၀၅	**အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၂၀	လရောင်အေးထဲက လေးနက်သောအိပ်မက်များ
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၅	အဏုဇီဝတွင်းထွက်ရတနာ
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကျင်းပ

၂၀၀၉ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့်တွင် ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

၂၀၀၉ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ကြီး ရပ်ကွက်အတွင်း ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းသည့် အခမ်းအနားကို ဇွန် ၂၈ ရက်က ရပ်ကွက်မွှောရုံ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဦးက စာအုပ်၊ စာရေးကိရိယာ လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

ထို့အပြင် ရေနွေးကြမ်းတွင်ပါဝင်သော ဓာတ်ပေါင်းက နှလုံးသွေးကြောများကို သန့်စွမ်းစေပြီး သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်ပေးနိုင်ကြောင်း ရေနွေးကြမ်းတွင် ပါဝင်သောဓာတ်များကို သုတေသနပြုနေသည့် ဆေးသိပ္ပံပညာရှင် ဒေါက်တာ ကာရီဂူတန်က ပြောကြားသည်။

မဖြစ်နိုင်

တစ်နေ့လျှင် ရေနွေးကြမ်း အနည်းဆုံး သုံးခွက်သောက်သုံးပါလျှင် နှလုံးရောဂါ ရုတ်တရက်တိုက်ခိုက်မှု မဖြစ်ပွားနိုင်ကြောင်း၊ အရိုးနှင့် သွားကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှိုင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်၏ ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲကို ဇွန် ၂၆ရက်က လှိုင်မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းငွေက မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေခွန်များကို ဒုတိယအခွန်ဦးစီးမှူး ဦးအောင်မျိုးဦးထံ ပေးအပ်စဉ်။ (၁၂၈)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သုံးခွ၌ကျင်းပ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အထက(၂) ခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေး ဟောပြောပွဲကို ဇွန် ၂၆ ရက်က ကျင်းပရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဟောပြော

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးချင်းစိန်**(အောက်ပုံ)**က မူးယစ်ဆေးဝါးအန္တရာယ် သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုတွင် တရားခံပြသက်သေနှစ်ဦးတို့အား ငြင်းပယ်ခဲ့သည့် ပြင်ဆင်မှုကို တရားရုံးချုပ်(ရန်ကုန်)က ပလပ်ကြောင်း အမိန့်ချမှတ်

ရန်ကုန် ဇွန် ၂၉

အမေရိကန်နိုင်ငံသား Mr.John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉တွင် တရားခံများဘက်မှ တင်ပြသော သက်သေ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ငြင်းပယ်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ အမိန့်ကို အတည်ပြုသည့် ရန်ကုန်တိုင်း တရားရုံး၏ အမိန့်အပေါ် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က မကျေနပ်သဖြင့် တင်သွင်းခဲ့ သော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၃(ခ)/၂၀၀၉ ကို ဇွန် (၂၄)ရက်တွင် တရားရုံးချုပ်(ရန်ကုန်)၌ နှစ်ဖက်အပြီးသတ် လျှောက်လဲချက် ကြားနာခဲ့သည်။

တရားရုံးချုပ်(ရန်ကုန်)၌ ယနေ့ ဇွန် (၂၉)ရက် နံနက် (၁၀)နာရီတွင် အဆိုပါ ပြင်ဆင်မှုအတွက် စီရင်ချက်ချမှတ်ကြောင်း သိရှိရသည်။

ဆက်လက်အတည်ပြု

တရားရုံးချုပ်(ရန်ကုန်)၏ စီရင်ချက်တွင် လျှောက်ထားသူ အမှတ်(၁) ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုသောအမှုမှာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရ စွဲဆိုခြင်းဖြစ်ကြောင်း၊ ယင်းပုဒ်မမှာ အရေးယူခြင်းခံရသူတစ်ဦးဦးသည် ကန့်သတ်မိန့် (သို့မဟုတ်) တားဆီးမိန့်ကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊ ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ မလိုက်နာလျှင်သော်လည်းကောင်း အရေးယူသည့် ပုဒ်မဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မူလရုံးအမှုတွင် ၄င်းအပေါ် အရေးယူထားသော ကန့်သတ်မိန့် (သို့မဟုတ်) တားဆီးမိန့်ကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ ဖောက်ဖျက်ခြင်းမရှိကြောင်း အဓိက ထုချေဖြေရှင်းရန်သာဖြစ်ကြောင်း၊ လျှောက်ထားသူ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေက ၄င်းတို့တင်ပြသည့် သက်သေများမှာ လွန်စွာမှ အရေးကြီးသော သက်သေများဖြစ်ကြောင်းနှင့် ပုံစံအားဖြင့် ဦးတင်ဦးကို သက်သေအဖြစ်တင်ပြရခြင်းမှာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အရေးမယူထိုက်ကြောင်း ထွက်ဆိုနိုင်မည့်သူဟု ယူဆ၍ အားကိုးအားထားပြု တင်ပြခြင်းဖြစ်သည်ဟု လျှောက်လဲတင်ပြသည်ကို တွေ့ရကြောင်း၊ ယင်းဥပဒေပုဒ်မ ၇ ပြဋ္ဌာန်းချက်အရဆိုလျှင် ဝန်ကြီးအဖွဲ့က စီမံခန့်ခွဲရေးနည်းလမ်းအရ မူလအခွင့်အရေးကို လိုအပ်သလို ကန့်သတ်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်သတ်မှတ်ပေးသည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ တရားစီရင်ရေးအရ တစ်နည်းအားဖြင့် တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရသော ပြဋ္ဌာန်းချက်မျိုးမဟုတ်ကြောင်း၊ ထို့ကြောင့် လျှောက်ထားသူများ၏ ရှေ့နေတင်ပြသည့်အချက်အပေါ် လက်ခံစဉ်းစားရန် အကြောင်းမရှိဟု ဆိုရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူများ၏ ရှေ့နေက ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအကျင့်စာရိတ္တ (Political Character)နှင့် စပ်လျဉ်း၍ တရားခံပြသက်သေအဖြစ် စစ်ဆေးပေးရန်ကိုလည်း တင်ပြထားသည်ကို တွေ့ရကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၅၅ ပြဋ္ဌာန်းချက်၏ ရှင်းလင်းချက်တွင် ပုဒ်မ ၅၂၊ ၅၃၊ ၅၄နှင့် ၅၅တို့၌ အကျင့်စာရိတ္တဆိုသော စကားရပ်တွင် ကျော်စောသတင်း(Reputation)နှင့် စိတ်နေသဘောထား (Disposition) နှစ်ရပ်စလုံး ပါဝင်ကြောင်း၊ အဆိုပါ ရှင်းလင်းချက်အရ နိုင်ငံရေးအကျင့်စာရိတ္တ (Political Character)နှင့် စပ်လျဉ်း၍ သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်ဟု သက်သေခံအက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း အလျှင်းမရှိကြောင်း၊ မူလရုံးအမှုတွဲရှိ သက်သေထွက်ဆိုချက်များကိုကြည့်လျှင် လျှောက်ထားသူ မူလရုံးတရားခံ ဒေါ်အောင်ဆန်းစုကြည်၏ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေး အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍လည်းကောင်း အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့မှု မရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်၏ အကျင့်စာရိတ္တကောင်းခြင်း၊ မကောင်းခြင်းနှင့် စပ်လျဉ်းသည့်အချက်မှာ မူလမှုတွင် အငြင်းထွက် အကြောင်းအရာမဟုတ်ကြောင်း၊ မူလရုံးအမှုတွဲရှိ မှတ်တမ်းများအရ လျှောက်ထားသူ မူလ ရုံးတရားခံ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်သည်ပင်လျှင် ရုံးရှေ့အစစ်ခံရာ၌ သက်သေတစ်ဦးအဖြစ် အစစ်ခံခြင်းမရှိဘဲ တရားခံတစ်ဦးအနေဖြင့်သာ အစစ်ခံခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မူလရုံးတရားခံ ဒေါ်အောင်ဆန်းစုကြည်၏ အကျင့်စာရိတ္တအတွက် ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား တရားခံပြသက်သေများအဖြစ် ခေါ်ယူစစ်ဆေးပေးရန် လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန်နှင့် အမှုကိုကြန့်ကြာစေရန် ရည်ရွယ်တင်ပြခြင်းသာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ မူလ ခရိုင်တရားရုံးက ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို တရားခံပြသက်သေများအဖြစ် ဆင့်ဆိုစစ်ဆေးပေးရန် ငြင်းပယ်ခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) ပြဋ္ဌာန်းချက်အရဖြစ်ကြောင်း၊ လျှောက်ထားသူများ၏ ရှေ့နေကိုယ်တိုင်ကလည်း ၄င်း၏ ပြင်ဆင်မှုလျှောက်လွှာတွင်လည်းကောင်း၊ ရုံးရှေ့ လျှောက်လဲတင်ပြရာတွင်လည်းကောင်း ခရိုင်တရားသူကြီးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) အရ အမိန့်ချမှတ်ခြင်းဖြစ်သည်ကို ပြောဆိုရှင်းပြခဲ့သည်ဟု အတိအလင်း ဝန်ခံ ဖော်ပြထားပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးက မူလရုံး၏ ဆုံးဖြတ်ချက်တွင် သက်သေ(၃)ဦးတို့အား ခေါ်ယူခြင်းမပြုသည့် အကြောင်းပြချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁)ပါ ပြဋ္ဌာန်းချက်နှင့် အညီ အတိအလင်း ဖော်ပြရေးသားခြင်း မရှိစေကာမူ မူလရုံး၏ မှတ်တမ်းရေးသားချက်အရပင်လျှင် အမှုကို ကြန့်ကြာစေရန် ဆောင်ရွက်သဖြင့် ငြင်းပယ်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြသုံးသပ်ထားရာ တိုင်းတရားရုံး၏ သုံးသပ်ချက်သည်လည်း မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ လျှောက်ထားသူများ၏ ရှေ့နေက တရားရုံးများ လက်စွဲအပိုဒ် ၁၁၁၅အရ မှန်ကန်သည်ဟု တိုင်းတရားရုံးက အဖြေထုတ်ခြင်းမှာ လုပ်ပိုင်ခွင့်မရှိသည်ကို လုပ်နေခြင်းဖြစ်သည်ဟု တင်ပြ လျှောက်ထားချက်ရှိကြောင်း၊ ယင်းလျှောက်ထားချက်မှန်ကန်မှုရှိ မရှိ ရှင်းလင်းပေးရန်လိုကြောင်း၊ ခရိုင် တရားရုံးက သက်သေငြင်းပယ်ရသည့် အကြောင်းအရာကို တိုတောင်းစွာ သုံးသပ်ဖော်ပြလျက် နေ့စဉ်မှတ်တမ်းဖြင့် အမိန့်ချမှတ်ခြင်းမှာ တရားရုံးများ လက်စွဲအပိုဒ် ၁၁၁၅နှင့် ၁၁၁၆ တို့အရလည်းကောင်း၊ တရားရုံးကျင့်စဉ်အရလည်းကောင်း ဆောင်ရွက်ခြင်းဖြစ်၍ မှားယွင်းမှုမရှိကြောင်း၊ တိုင်းတရားရုံးအနေဖြင့် တရားရုံးများ လက်စွဲအပိုဒ် ၁၁၁၅ကို ရည်ညွှန်း၍ ခရိုင်တရားရုံး၏ နေ့စဉ်မှတ်တမ်းအမိန့်အား အတည်ပြုသုံးသပ်ခြင်းမှာ လုပ်ပိုင်ခွင့်မရှိသည်ကို လုပ်သည်ဟုဆိုရန် ခဲယဉ်းကြောင်း၊ သို့ဖြစ်ရာ လျှောက်ထားသူများက တရားခံပြသက်သေများအဖြစ် ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ဆင့်ခေါ်စစ်ဆေးပေးရန် လျှောက်ထားလာခြင်းမှာ အမှု၌ အငြင်းမထွက်သည့် အကြောင်းအရာကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည့်အလျောက် အနှောင့်အယှက်ဖြစ်စေခြင်း၊ ကြန့်ကြာစေခြင်းဖြစ်မည်ဟု သဘောရရှိကြောင်း၊ ခရိုင်တရားရုံးက ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ဆင့်ခေါ်စစ်ဆေးပေးရန် ငြင်းပယ်ခြင်းနှင့် ယင်းငြင်းပယ်သည့် ဆုံးဖြတ်ချက်အပေါ် ရန်ကုန်တိုင်းတရားရုံးက အတည်ပြုပေးခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်နေပေရာ တရားရုံးချုပ်အနေဖြင့် ခရိုင်တရားရုံးနှင့် တိုင်းတရားရုံး၏ အမိန့်များအပေါ် ပြင်ဆင်မှုအာဏာကျင့်သုံး၍ ဝင်ရောက်စွက်ဖက်ရန် လိုအပ်မည်မဟုတ်ကြောင်း သုံးသပ်လျက် ဇွန်(၉)ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ဆက်လက်အတည်ပြုပြီး ဤပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

တည်ဆောက်ပြီးစီးသွားသည့် နေပြည်တော်ဘူတာသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ပျဉ်းမနားဘူတာမှ ထွက်ခွာသော လော်ကယ်ရထား အဆန်/အစုန် နှစ်စင်းတို့ရှိနေရာ လက်ရှိ ပျဉ်းမနားဘူတာယာဒ်ဝင်းသည် ရထားလက်ခံ၊ စေလွှတ်ရန်အတွက် လည်းကောင်း၊ ရထားစီးခရီးသည်များ သက်သာချောင်ချိမှုအတွက်လည်းကောင်း ကျဉ်းမြောင်းကျပ်တည်းပြီး ကန့်သတ်ချက်များစွာ ပေါ်ပေါက်လျက်ရှိပါသည်။

ထို့ကြောင့် ရထားစေလွှတ် လက်ခံမှုများအပါအဝင် ရထားလုပ်ငန်းများအတွက်လည်းကောင်း၊ ခရီးသည်များ သက်သာချောင်ချိမှုအတွက်လည်းကောင်း ရှေးရှု၍ စာပို့နှင့် လော်ကယ်ရထားအချို့မှအပ ကျန်ရထားအားလုံးကို ဇူလိုင် ၅ရက် (တနင်္ဂနွေနေ့)မှစ၍ ပျဉ်းမနားဘူတာတွင် ရပ်တန့်ခြင်းမပြုတော့ဘဲ နေပြည်တော် ဘူတာသစ်ကြီးတွင်သာ ရပ်တန့်ခြင်း၊ ထွက်ခွာခြင်းပြုတော့မည်ဖြစ်ကြောင်း သိရှိရသည်။

ပြေးဆွဲမည်

နေပြည်တော်ဘူတာသစ်ကြီးသို့ သွားရောက်မည့် ခရီးသည်များနှင့် ရထားဖြင့် ဆိုက်ရောက်လာမည့် ခရီးသည်များ၏ သွားလာမှုလွယ်ကူစေရေးအတွက် တော်ဝင်လိုင်း ဘတ်စ်ကားများ၊ အခြား မော်တော်ယာဉ်လိုင်းများနှင့် ယာဉ်များကို စီစဉ်ပြေးဆွဲမည်ဖြစ်သည်။

နေပြည်တော် ဘူတာသစ်ကြီးမှ စတင်ထွက်ခွာသော အမှတ်(၃၂)အစုန် (နေပြည်တော်-ရန်ကုန်)၊ အမှတ်(၈)အစုန် (နေပြည်တော်-ရန်ကုန်)၊ အမှတ်(၁၆) အစုန်/ ၁၅ အဆန် (နေပြည်တော်-မော်လမြိုင်)၊ ၁၀၉အဆန် (နေပြည်တော်-ပြည်)၊ ၁၀၇အဆန် (နေပြည်တော်-ပုဂံ)၊ ၁၀၁အဆန် (နေပြည်တော်-ချောက်)တို့၏ နေပြည်တော် ဘူတာသစ်ကြီးမှ စတင်ထွက်ခွာချိန်ကို အနည်းငယ်ပြောင်းလဲထားသဖြင့် သက်ဆိုင်ရာ ဘူတာများတွင် အချိန်စာရင်းအသစ်ကို ကြေညာထားကြောင်းနှင့် အမှတ်(၃၂) အစုန် ရထားမှအပ ကျန်ရထားများအားလုံးအတွက် ခရီးစဉ် အစအဆုံး ဘူတာများမှ ရထား ထွက်ချိန်များ၊ ဆိုက်ရောက်ချိန်များ ပြောင်းလဲမှုမရှိကြောင်း သိရှိရသည်။

သတင်းထုတ်ပြန်ထား

စာပို့နှင့် လော်ကယ်ရထားများမှအပ ကျန်ရထားခရီးစဉ်များဖြင့် ပျဉ်းမနားဘူတာသို့ သွားရောက်လိုသည့် ခရီးသည်များသည် ပျဉ်းမနားဘူတာတွင် ရထားရပ်တန့်မည်မဟုတ်သဖြင့် ရထားရပ်တန့်ပေးမည့် နေပြည်တော်ဘူတာသစ်ကြီးရောက်မှသာ ဆင်းသက်ကြရန် မြန်မာ့မီးရထားက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(ခ) နေပြည်တော်ဘူတာတွင် ရပ်တန့်ပေးမည့် ဖြတ်သန်းရထားများ၏ ခရီးစဉ်နှင့် အချိန်စာရင်း

စဉ်	ရထား	ခရီးစဉ်		ခရီးစဘူတာ	နေပြည်တော်ဘူတာ		ခရီးဆုံးဘူတာ
		မှ	သို့	မှ ထွက်ချိန်	ရောက်ချိန်	ထွက်ချိန်	ရောက်ချိန်
၁	၃ အဆန်	ရန်ကုန်	မန္တလေး	၀၅:၃၀	၁၅:၀၁	၁၅:၀၄	၂၁:၃၀
၂	၄ အစုန်	မန္တလေး	ရန်ကုန်	၀၅:၃၀	၁၁:၃၂	၁၁:၃၅	၂၁:၃၀
၃	၅ အဆန်	ရန်ကုန်	မန္တလေး	၀၅:၀၀	၁၄:၁၃	၁၄:၁၆	၂၀:၁၀
၄	၆ အစုန်	မန္တလေး	ရန်ကုန်	၀၅:၀၀	၁၀:၄၁	၁၀:၄၄	၂၀:၁၀
၅	၁၁ အဆန်	ရန်ကုန်	မန္တလေး	၀၆:၀၀	၁၅:၅၀	၁၅:၅၃	၂၂:၀၀
၆	၁၂ အစုန်	မန္တလေး	ရန်ကုန်	၀၆:၀၀	၁၂:၀၄	၁၂:၀၇	၂၂:၀၀
၇	၂၉ အဆန်	ရန်ကုန်	မန္တလေး	၁၂:၁၅	၂၁:၁၂	၂၁:၁၅	၀၄:၀၀
၈	၃၀ အစုန်	မန္တလေး	ရန်ကုန်	၂၁:၄၅	၀၃:၁၀	၀၃:၁၅	၁၃:၀၀
၉	၁ အဆန်	ရန်ကုန်	မန္တလေး	၀၄:၀၀	၁၉:၅၄	၁၉:၅၇	၀၆:၄၀
၁၀	၂ အစုန်	မန္တလေး	ရန်ကုန်	၂၀:၁၅	၀၆:၄၅	၀၆:၄၈	၂၁:၀၀
၁၁	၁၄၁ အဆန်	ပျဉ်းမနား	ရွှေညောင်	၂၃:၀၀	၂၃:၃၈	၂၄:၄၁	၁၃:၃၅
၁၂	၁၄၂ အစုန်	ရွှေညောင်	ပျဉ်းမနား	၁၁:၃၀	၀၂:၂၀	၀၂:၂၃	၀၃:၀၀
၁၃	၁၄၇ အဆန်	ပျဉ်းမနား	လွိုင်ကော်	၂၂:၃၀	၂၃:၀၅	၂၃:၀၈	၂၀:၁၅
၁၄	၁၄၈ အစုန်	လွိုင်ကော်	ပျဉ်းမနား	၀၅:၄၅	၀၂:၅၁	၀၂:၅၄	၀၃:၃၀

ကျေးရွာချင်းဆက်လမ်း ကလေးမြို့၌ ဆောင်ရွက်

ကလေး ဇွန် ၂၉

ကလေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်ပါသော အဖွဲ့သည် ရာဇဂြိုဟ်၊ မြစိမ်း၊ မြလင်း၊ နန့်ကျင်ဆောင်၊ ပျဉ်တောဦး ကျေးရွာချင်းဆက်လမ်းအား မြေထိုးစက်ဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၉-၆-၂၀၀၉

နေပြည်တော်	၀ ဒသမ ၈၇ လက်မ
သံတွဲ	၂ ဒသမ ၈၈ လက်မ
မိုးကုတ်	၂ ဒသမ ၈၃ လက်မ
ဟသ်ာတ	၂ ဒသမ ၅၂ လက်မ
ကျိုက္ကမီ	၁ ဒသမ ၇၃ လက်မ

ဒဲလ်တာယူနိုက်တက်ကိုအရေးနိမ့်ပြီး
စတုတ္ထနေရာနဲ့ ကျေနပ်ရတော့မယ့် ကမ္ဘောဇ

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၉

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းကိုယ်စားပြု ဒဲလ်တာယူနိုက်တက်အသင်းက ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဒဲလ်တာယူနိုက်တက်အသင်း - နှစ်ဂိုး
ကမ္ဘောဇအသင်း - တစ်ဂိုး

ပြီးခဲ့တဲ့ ဇွန် ၂၇၊ ၂၈ရက်က ကျင်းပခဲ့တဲ့ပွဲမှာ ရန်ကုန်ယူနိုက်တက်အသင်းနဲ့ ရတနာပုံအသင်းတို့ အသီးသီး အနိုင်ရခဲ့လို့ ဖိုင်နယ်လုပွဲမျှော်လင့်ချက်တွေ အဆုံးသတ်ခဲ့ရတဲ့ ကမ္ဘောဇအသင်းဟာ တတိယနေရာအတွက် အခုပွဲကိုအနိုင်ရဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် AFC President's Cup ပြိုင်ပွဲကို သွားရောက် ယှဉ်ပြိုင်ခဲ့ရလို့ ခရီးပန်းနေတဲ့၊ အခုပြိုင်ပွဲကို ရက်ဆက်တွေ ယှဉ်ပြိုင်နေရတဲ့ ကမ္ဘောဇအသင်းဟာ ပွဲပန်းနေတာကြောင့် အခုပွဲမှာ ခြေစွမ်းမပြနိုင်ဘဲ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲရှုံးနိမ့်ခဲ့လို့ တတိယနေရာအတွက်လည်း မျှော်လင့်လို့မရတော့ဘဲ စတုတ္ထနေရာနဲ့ပဲ ကျေနပ်ရတော့မှာပါ။

ခြေစွမ်းပြ

ပြိုင်ပွဲတစ်လျှောက်မှာ အကောင်းဆုံးပုံစံမရဘဲ ရလဒ်ပိုင်းတွေ ဆိုးရွားခဲ့တဲ့ ဒဲလ်တာယူနိုက်တက်အသင်းဟာ အခုနောက်ဆုံးပွဲကျမှ ရှုံးပွဲဆက်မှုကို ရပ်တန့်နိုင်ခဲ့ပြီး ပထမဦးဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒဲလ်တာယူနိုက်တက်အသင်းဟာ ရန်ကုန်ယူနိုက်တက်နဲ့ ပွဲလိုပဲ ခြေစွမ်းပြကစားနိုင်ခဲ့တာဖြစ်ပြီး အထူးသဖြင့် ဒုတိယပိုင်းမှာ လူစားလဲမှုတွေပြုလုပ်ပြီး အပြောင်းအလဲလုပ်ခဲ့ရာမှာ ကစားပုံပိုကောင်းခဲ့ပြီး ချေပဂိုးနဲ့ အနိုင်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒဲလ်တာယူနိုက်တက်အသင်းဟာ အခုပွဲအနိုင်ရခဲ့လို့ ဆောက်သမ်းမြန်မာအသင်းနဲ့ လေးမှတ်စီတူညီခဲ့ပေမယ့် ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာပဲ ရှိနေပါသေးတယ်။

ဂိုးမရှိသရေ

ပထမပိုင်းမှာတော့ ကစားပုံပျက်နေတဲ့ ကမ္ဘောဇတို့ ဒဲလ်တာယူနိုက်တက်ကို အသာစီးက မကစားနိုင်ခဲ့ပါဘူး။ ဒဲလ်တာယူနိုက်တက်ကတော့ ရန်ကုန်နဲ့ပွဲတုန်းက ၃-၅-၂ ပုံစံနဲ့ ကွင်းလယ်အသာရဖို့ ကစားခဲ့ပါတယ်။ ကမ္ဘောဇက ဝင်းမင်းထွဋ် နှစ်ကြိမ်၊ စိုးမင်းဦး တစ်ကြိမ် ဂိုးသွင်းခွင့်တွေရပေမယ့် အသုံးမချနိုင်လို့ ပထမပိုင်းမှာ ဂိုးမရှိ သရေကျနေပါတယ်။

အကောင်းဆုံးဆုရ ဒဲလ်တာအသင်းမှ နေလှိုင် ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

အနိုင်ဂိုးသွင်းယူ

ဒုတိယပိုင်းပြန်အစမှာတော့ ကမ္ဘောဇတို့ ဂိုးစရသွားခဲ့ပြီး ၄၈မိနစ်မှာ နေဇော်ထက်ရဲ့ ဖြတ်တင်ဘောကို စိုးမင်းဦးက ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အခုပွဲရဲ့ အပြောင်းအလဲကတော့ ဒဲလ်တာယူနိုက်တက်အသင်းဟာ ဂိုးပေးရပြီးနောက်ပိုင်းမှာ ခင်မင်းနဲ့ မင်းမင်းထွန်းနေရာမှာ ဇော်မျိုးမင်းနဲ့ ထွန်းလင်းအောင်တို့ကိုထည့်ပြီး အလယ်တန်းမှာကစားနေတဲ့ တင်ဇော်မိုးကို ရှေ့တန်း၊ စိုးသီဟအောင်ကို ကွင်းလယ်တိုက်စစ်မှာ ကစားစေခဲ့ပါတယ်။ အဲဒီလို အပြောင်းအလဲလုပ်ပြီးနောက်ပိုင်းမှာ ဒဲလ်တာယူနိုက်တက်တိုက်စစ်အား ပိုကောင်းလာပြီး ၅၂မိနစ်မှာ တင်ဇော်မိုးက ချေပဂိုးနဲ့ ၅၆မိနစ်မှာ ထွန်းလင်းအောင်တို့က အနိုင်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ မိနစ် ၈၀ကျော်မှာ မိုးသည်းထန်စွာရွာသွန်းခဲ့လို့ ပွဲကို မိနစ် ၃၀ ကျော်ကြာ ရပ်နားခဲ့ရပြီး ကွင်းထဲမှာ ရေနည်းသွားတော့မှ လက်ကျန် ရှစ်မိနစ်ကျော်ကို ပြန်လည်ကစားနိုင်ခဲ့ပါတယ်။

ပေးအပ်ချီးမြှင့်

ပွဲအပြီးမှာ အကောင်းဆုံးဆုရ နေလှိုင် (ဂိုး) ဒဲလ်တာယူနိုက်တက်ကို Grand Royal က ကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ဒဲလ်တာယူနိုက်တက်အသင်းကို ကမ္ဘောဇဘဏ်က ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

အားကုန်ထုတ်ကစား

ကမ္ဘောဇနည်းပြချုပ် ဦးအေးမောင်ကြီးက **“အနိုင်ရချင်လို့ ကျွန်တော်တို့ ကြိုးစား ကစားခဲ့ပါတယ်။ အခွင့်အရေးရပေမယ့် ဂိုးမဝင်ခဲ့တာကလည်း ကျွန်တော်တို့ကိုနစ်နာစေပါတယ်။ ပွဲတွေ ရက်ဆက်ကစားနေရတာကလည်း ကစားသမားတွေကို သိပ်ပင်ပန်းစေပါတယ်။ ပွဲမစခင်သွေးပူလေ့ကျင့်ခန်းလုပ်ကတည်းက ကစားသမားတွေ ပင်ပန်းနေတာ သိပါတယ်။ မကွေးနဲ့ပွဲကို အနိုင်ကစားဖို့ ပြင်ဆင်ထားပါတယ်။ နောက်ဆုံးပွဲလည်းဖြစ်လို့ အားကုန်ထုတ်ကစားမှာပါ”** လို့ ပြောကြားခဲ့ပါတယ်။

ဒဏ်ရာရ

ဒဲလ်တာယူနိုက်တက်အသင်း နည်းပြချုပ်ဦးဆန်းဝင်းက **“အခုပွဲ အနိုင်ရခဲ့တဲ့ အဓိကအချက်ကတော့ ကစားသမားတွေ ကြိုးစားအားထုတ်မှု ပိုကောင်းလို့ပါ။ အခုပွဲနိုင်လို့ အသင်းဥက္ကဋ္ဌက ကျပ်သိန်း ၁၀၀ချီးမြှင့်ပါတယ်။ မျိုးဝင်းထွဋ်ကတော့ နံရိုးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါတယ်။ ရက်အနည်းငယ်နားပြီး နောက်ပြိုင်ပွဲအတွက် ပြင်ဆင်သွားမှာပါ။ ကစားသမားသစ်တွေလည်း ခေါ်ဖို့ရှိပါတယ်”** ဟု ပြောကြားခဲ့ပါတယ်။

ကမ္ဘောဇအသင်းနှင့် ဒဲလ်တာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ညနေ ၄ နာရီ

ဆောက်သမ်းမြန်မာ - ဇေယျာရွှေမြေ။

(မြန်မာ့အလင်း)

အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်မြင့်စံပြကျောင်း ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၄ရက်က ယင်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ဆွေးနွေးဟောပြောစဉ်။

(၁၂၁)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု
တိုက်ဖျက်ရေးနေ့ ကလေးမြို့၌ ကျင်းပ

ကလေး ဇွန် ၂၉

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈နာရီက ကလေးမြို့ အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက ဖတ်ကြားတင်ပြသည်။

ဟောပြော

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့် တားဆီးနှိမ်နင်းရေးကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်တရားသူကြီး ဒေါ်စန်းစန်းသွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေ အကြောင်းအရာများကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ဆွေက မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ဆုများချီးမြှင့်

ထို့နောက် အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ဆည်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇွန် ၂၉

ကျောက်ဆည်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ရက်(စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်မွှေးရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့် အထက်ရှိသော ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင်များ၏အမည်စာရင်း ပေးပို့ကြပါရန်နှင့် ၂၀၀၈-၂၀၀၉ စာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများအမည်စာရင်းကို သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်နှင့်အတူ အသင်းရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၅၇၃၆သို့ဖြစ်စေ သတင်းပေးပို့ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဇူလိုင် ၁၉ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂုဏ်သိက္ခာအတွက် နောက်ဆုံးအားပြိုင်မည့်ပွဲ

ပွဲကြိုသုံးသပ်ချက် - မြန်မာလိဂ်လေ့လာသူတစ်ဦး

ရန်ကုန် ဇွန် ၂၉

*ပြိုင်ဆိုင်မှု အပြင်းအထန်ရှိနေသော MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲကြီး၏ ဇွန် ၃၀ (**ယနေ့**)ညနေတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည့် မြန်မာပြည်တောင်ပိုင်းကိုယ်စားပြု ဆောက်သမ်းမြန်မာအသင်းနှင့် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေအသင်းတို့ ပွဲစဉ်မှာလည်း ဘောလုံးဝါသနာရှင် ပရိသတ်များအား စိတ်လှုပ်ရှားမှုရသကို ပေးစွမ်းပေဦးမည်။*

အံ့သြချီးကျူးခဲ့

ဆောက်သမ်းမြန်မာအသင်းမှာ ဘဏ္ဍာအခွန်အသင်းနည်းပြချုပ်ဟောင်း ဦးမြင့်ကြူးက အုပ်ချုပ်သူအဖြစ် တာဝန်ယူနေပြီး နည်းပြချုပ် ဦးကျော်တင့်နှင့် လ/ထနည်းပြအဖြစ် ဦးစောဘမြင့်တို့ဖြင့်သာ အုပ်ချုပ်နည်းပြအဖွဲ့ကို ကျစ်လျစ်စွာ ဖွဲ့စည်းထားရုံမက နာမည်ကြီးလက်ရွေးစင် ကစားသမားတစ်ဦးမျှ ခေါ်ယူထားခြင်းမရှိခဲ့သောကြောင့် ပရိသတ်များနှင့် ဘောလုံးအကဲခတ်အချို့က သိပ်မမျှော်လင့်ထားကြပေ။ သို့သော် တကယ်ကစားသည့်အချိန်တွင်တော့ ဆောက်သမ်းအသင်းသားများက အများအံ့သြလောက်သည့် ခြေစွမ်းမျိုး ထုတ်ပြခဲ့ကြသည်။ နာမည်ကြီးကစားသမား တစ်ဦးမှမပါသော်လည်း အုပ်ချုပ်နည်းပြအဖွဲ့၏ စနစ်တကျ မောင်းနှင်လေ့ကျင့်ပေးထားမှု၊ ကစားသမားများ၏ ကြိုးစားမှုများကြောင့် အသင်းကစားဟန်မှာ ရစ်သမ်မိပြီး အသင်းကြီးအများစုကို မထင်မှတ်ဘဲ ဒုက္ခပေးနိုင်ခဲ့သည်ကို ချီးကျူးဖွယ်ရာတွေ့ရသည်။ ကစားသမားအများစု၏ အတွေ့အကြုံနုနယ်မှုနှင့် အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့်သာ ရသင့်သောဂိုးများ မရခဲ့ဘဲ အမှတ်များဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေ MNL အသင်းများထဲတွင် ငွေအနည်းဆုံးသုံးထားပြီး နည်းပြအရေးအတွက် အနည်းဆုံးခန့်ထားသည့် အသင်းဖြစ်သောကြောင့် လက်ရှိရလဒ်ကပင် အသိအမှတ်ပြု ဂုဏ်ပြုချင်စရာဖြစ်နေသည်။

နှမ်းထွက်မကိုက်သေး

ပြိုင်ပွဲမစတင်ခင်က ငွေကြေးများစွာသုံးထားပြီး အလွန်တောင့်တင်းသော အုပ်ချုပ်နည်းပြအဖွဲ့နှင့် နာမည်ကြီးကစားသမားကို ခေါ်ယူဖြည့်တင်းထားခဲ့သည့် ဇေယျာရွှေမြေအသင်းမှာ ပြိုင်ပွဲစတင်ချိန်တွင်တော့ တာထွက်မလှခဲ့ပေ။ ပြိုင်ပွဲကြိုကာလတွင် ဖိုလ်စွဲနိုင်ခြေ အရှိဆုံးအသင်းအဖြစ်ပင် ရေပန်းစားခဲ့သော်လည်း အဓိက ကစားသမားအချို့ ဒဏ်ရာပြဿနာများ ရှိနေခြင်း၊ တစ်ဦးနှင့်တစ်ဦး အတွဲအဖက် မမိခဲ့မှု၊ အသင်းစိတ်ဓာတ်နှင့် ကစားအားပိုင်း အားနည်းခဲ့မှုများအပါအဝင် နည်းဗျူဟာကစားကွက်ပိုင်း ချွတ်ချော်မှု အချို့ရှိခဲ့ခြင်းများကြောင့် နိုင်သင့်သောပွဲများကိုပင် သရေမက၊ အရှုံးရလဒ်များကို ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ပြိုင်ပွဲအဆုံးသတ် ပွဲစဉ်များတွင် ကစားပုံပြန်တက်လာပြီး ရလဒ်ကောင်းအချို့ ပြန်ရလာခဲ့သော်လည်း အားနည်းချက်အချို့တော့ ရှိနေသေးသည်။ သို့သော် ဇေယျာရွှေမြေအသင်း၏ ပြင်ဆင်မှု၊ ရည်မှန်းထားမှုများအရဆိုလျှင် လက်ရှိအဆင့် ရပ်တည်မှုမှာ မှန်းချက်နှင့် နှမ်းထွက် မကိုက်သေးဟု ဆိုရပေမည်။

ကိုယ်စီဂုဏ်သိက္ခာ

မည်သို့ဆိုစေ ဆောက်သမ်းမြန်မာရော၊ ဇေယျာရွှေမြေအသင်းပါ ပရိအသင်းများဖြစ်နေသောကြောင့် အသင်းသား တစ်ဦးချင်းအနေနှင့်ရော အသင်းလိုက်ပါ သူတို့၏ဂုဏ်သိက္ခာအတွက် ယခုကစားရမည့် နောက်ဆုံးပွဲစဉ်တွင် အကောင်းဆုံး ရလဒ်ရအောင် ကြိုးစားကြမည်သာ ဖြစ်သည်။ ထို့ကြောင့် ကစားသမားအင်အားအရ ဇေယျာရွှေမြေအသင်းက သာနေသော်လည်း လက်ရှိခြေစွမ်းနှင့် ပရိသိက္ခာအရတော့ ဆောက်သမ်းမြန်မာအသင်းကလည်း သူတို့၏အဆိပ်များကို နောက်ဆုံးမိနစ်အထိ ထုတ်ပြသွားမည်မှာ သေချာနေသည့်အတွက် ပွဲကောင်းတစ်ပွဲအဖြစ် ကြည့်ကြရပါဦးမည်။ // **(မြန်မာ့အလင်း)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နေ
ဗိုလ်မှူးကြီးသိန်းဆွေ(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး (ကုန်းလမ်းပို့ဆောင်ရေး)-
ဒေါ်ခင်မာဦးတို့၏ သားထွေး
ဗိုလ်ကြီးထက်ဆွေဦး
B.Sc (Electronic) (D.S.A) နှင့်
တောင်ကြီးမြို့နေ
ဦးစိန်ဦး (ပါမောက္ခချုပ်၊ လွိုင်ကော်တက္ကသိုလ်)-ဗိုလ်ကြီးဒေါ်ခင်ခင်မေ (ငြိမ်း)
တို့၏သမီး
မမေစမ်းမောင်မောင် (ပုံ့ပုံ့)
M.A (English) (ILBC), Taunggyi)

တို့သည် ၂၇-၆-၂၀၀၉ ရက် (စနေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးထက်ဆွေဦး-မမေစမ်းမောင်မောင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဗိုလ်မှူးချုပ်ဇော်ထွန်း(လေ)-ဒေါ်စောကေခိုင်တို့၏
တစ်ဦးတည်းသောသား
မောင်စိုင်းလင်းသက်ထွန်း B.A (Hist)
2nd Mate, East Wind Ship Management နှင့်
ဦးသန့်စင် (M.D Golden Wing Enterprise)-ဒေါ်မော်မော်မြင့်တို့၏
တစ်ဦးတည်းသောသမီး
မနှင်းယဉ်သန့် B.A(Eco)
UMFCCI

တို့သည် ၂၈-၆-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုင်းလင်းသက်ထွန်း-မနှင်းယဉ်သန့်။

ကျွဲ၊ နွားကူးစက်ရောဂါ ကာကွယ်ဆေး နေပြည်တော်တွင် ကွက်ပြည့်ထိုးနှံ

နေပြည်တော် ဇွန် ၂၉

နေပြည်တော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင် ဦးစီးဌာနမှူးလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်၏ အနီးကပ်ကြီးကြပ် လိုက်ပါဆောင်ရွက်မှုဖြင့် နေပြည်တော် လယ်ဝေး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်း၊ ဒုတိယဦးစီးမှူးများဖြစ်ကြသော ဒေါက်တာတင်အောင်၊ ဒေါက်တာသိန်းထွန်းမြင့်တို့သည် ဇွန် ၇ရက်မှ ၁၈ရက်အထိ နေပြည်တော် လယ်ဝေး၊ရေအိုးစဉ်၊ကြောင်ရေ၊ရှမ်းစု ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ကျွဲ၊ နွား ကူးစက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။

ထိုကာကွယ်ဆေးထိုးလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်ခဲ့ကြပြီး ယခုနှစ်တွင် လွန်ခဲ့သော တစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်က ကျွဲ၊ နွားလည်ချောင်းကွဲရောဂါဖြစ်လေ့ဖြစ်ထရှိသောကျေးရွာအုပ်စုများကိုရွေးချယ်လျက် ကာကွယ်ဆေးထိုးလုပ်ငန်း အထူးစီမံချက်အရ ထိုကျေးရွာအုပ်စုသုံးခု၌ ကျွဲ၊ နွားလည်ချောင်းကွဲရောဂါကာကွယ်ဆေး ကွက်ပြည့်ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ကျွဲ၊ နွားကောင်ရေ ၈၉၇ ကောင်ကို ကာကွယ်ဆေး ထိုးနှံနိုင်ခဲ့ကြောင်း သိရသည်။

(မွေးမြူ/ကုသရေးဦးစီး)

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဆုံးဖေဖေ ဦးကျော်သူ (မြို့နယ်အင်/ယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ချောင်းဆုံမြို့၊ မွန်ပြည်နယ်)နှင့် ချစ်ဆုံးမေမေ ဒေါ်ငွေငွေလှိုင် (အလယ်တန်းပြ၊ အထက-၂၊ တောင်ဒဂုံ)တို့၏ ၃၀-၆-၂၀၀၉ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက်ငွေရတုမင်္ဂလာရက်မြတ်မှသည် မင်္ဂလာနှစ်ရာပေါင်းများစွာကို ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းများစွာဖြင့် ပြီးပြည့်စုံကာ ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ တန်ဖိုးမဖြတ်နိုင်သော လမ်းပြဆုံးမမှုများအောက်မှ ထာဝရ ရှိသေလေးစားလိုက်နာကန်တော့လျက် ချစ်သောမိသားစုနှင့်အတူ သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးများကို တက်ညီလက်ညီ ဆတက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

ချစ်သမီးဦး	-	**မေဖြိုးသူ (ပုံချစ်) B.A (English), PGDMA (YIOE)** **Dip in English (YU), Dip in English (YCDC)** **J.A.T အထက (၂) တောင်ဒဂုံ (TEO ရုံး)**
ချစ်သားကြီး	-	**အာကာရဲရင့်လှိုင် (အိမ်ချစ်) Grade-10(A) Eco** **အထက-၂ (တောင်ဒဂုံ)**
ချစ်သားငယ်	-	**ခနကျော်သူ (တုန်ချစ်) Grade-9 (A) အထက-၂ (တောင်ဒဂုံ)။**



ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၉ရက် သတင်းစာ စာမျက်နှာ(၁၄) ကော်လံ (၁) ပါ လက်ထပ်ပြီးစီးခြင်း ကြော်ငြာတွင် မောင်မျိုးအောင်ကျော်ညွှန့် (မြန်မာ့သစ်လုပ်ငန်း)(အစား) မောင်မျိုးအောင်ကျော်ညွှန့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မောင်မျိုးအောင်ကျော်ညွှန့်-မဥမ္မာဖေ။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆူးလေဆိပ်ကမ်းတွင် ကုန်တင်/ကုန်ချလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

ကုန်သေတ္တာစခန်းများနှင့် ကုန်တင်/ကုန်ချ လုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော်ကုန်သေတ္တာစခန်းသို့ ရောက်ရှိပြီး ဗိုလ်အောင်ကျော်ကုန်သေတ္တာစခန်း၌ စစ်ဆေးရေးအဖွဲ့ဖြင့် ကုန်သေတ္တာများအတွင်းရှိ သွင်းကုန်/ပို့ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးနေမှု၊ ကုန်ပစ္စည်းများကို ကုန်သေတ္တာများအတွင်း စနစ်တကျထည့်သွင်းထားရှိမှု၊ ကုန်သေတ္တာများကို X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှုတို့ကိုလည်းကောင်း၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်းနှင့် ဆူးလေဆိပ်ကမ်းတို့၌ ဆိုက်ကပ်ရောက်ရှိနေသော နိုင်ငံခြားသင်္ဘောပေါ်သို့ သစ်လုံးနှင့် ဘိလပ်မြေ၊ မီးရထားသံလမ်းများ တင်ချဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇောဓိတစ်ထောင်လမ်း ကျောက်ချောခင်း

ကျိုက်မရော ဇွန် ၂၉

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ဇောဓိတစ်ထောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ဇွန်၂၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို ဖလမ်း၌စုပေါင်းသစ်ပင်စိုက်ပျိုး

ဖလမ်း ဇွန် ၂၉

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန်၂၇ရက် နံနက်စနာရီက ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပရာ ဖလမ်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရင်သိန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်တို့က ထင်းရှူးပင်နှင့် ချယ်ရီပင်ကို စတင်စိုက်ပျိုးပေးပြီး ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ထင်းရှူးပင် ၂၀၀၊ ချယ်ရီပင် ၂၀၀နှင့် ငုစပ်ပင် ၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၇၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာ့ဆန်တန်ချိန်တစ်သန်းခွဲ ပြည်ပတင်ပို့နိုင်မည်ဟုဆို၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်လာစေရန် ယခုနှစ်တွင် ဧက၂၀၀၀၀ကျော်အထိ စိုက်ပျိုးသွားမည်၊ ဂြိုဟ်တုမှ ရေဒါဓာတ်ပုံများ မြေပုံထုတ်လုပ်သည့်စနစ် ပြည်တွင်း၌ မှာယူအသုံးပြုနိုင်ပြီ၊ မြန်မာအင်ဖိုတက်ခ် ခန်းမသစ်ကြီးများ စတင်ငှားရမ်းနိုင်ပြီ၊ ကမ္ဘာ့စားနပ်ရိက္ခာ ပြဿနာဖြစ်စေနိုင်သော ရောဂါတစ်မျိုးပျားများတွင် ဖြစ်ပွားနေဟုဆို၊ ရန်ကုန်မြို့တွင် မြို့နယ်အလိုက် ရေလျှံလေ့ရှိသည့်နေရာများ၌ ရေစုပ်စက်များဖြင့် ရေကြိုတင်ထုတ်လျက်ရှိ၊ မြန်မာ-အင်ဒိုဖ၏ ပထမဦးဆုံး ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဈေးကွက် စတင်မည်၊ မြန်မာနိုင်ငံတွင် A(H1N1) တုပ်ကွေး စတင်ဖြစ်ပွား၊ စင်ကာပူမှ ပြန်လာသည့် ၁၃နှစ်အရွယ် ကျောင်းသူတစ်ဦး၌ ယင်းရောဂါဖြစ်ပွားသည့် သတင်းအပြည့်အစုံ၊ ယင်း၏ဘေးအန္တရာယ်မှ ကင်းဝေးစေမည့် အထိရောက်ဆုံးနည်းလမ်းများ၊ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးပေါင်းစပ်ကုသမှုဖြင့် ဆေးယဉ်ပါးတီဘီရောဂါကို အောင်မြင်စွာ ကုသနိုင်ပြီ၊ ငါးမန်းအသေများအတွင်း ကိုကင်းများတွေ့ရှိ၊ ဟာဝိုင်ယီကျွန်းသို့ မြောက်ကိုရီးယားမှ တိုက်ချင်းပစ်ဒုံးကျည် ပစ်လွှတ်နိုင်ဖွယ်ရှိ၍ အမေရိကန်တို့ အစွမ်းကုန်ကာကွယ်ထား၊ စိတ်ခံစားမှုကို အမူအရာဖြင့် ပြသနိုင်သော စက်ရုပ်သစ်များ ထွက်ပေါ်လာ၊ သုံးနှစ်အရွယ်ကလေးငယ်က မြေတူးစက်ကြီးကို ကျွမ်းကျင်စွာမောင်းနိုင်၊ မီးသတ်စခန်းမီးလောင်သည်ကို ယင်းစခန်းမှ မီးသတ်တို့က ပြန်ငြိမ်းခဲ့ရ၊ မိုက်ကယ်ဂျက်ဆင်အတွက် တစ်ကမ္ဘာလုံး ယူကျုံးမရဖြစ်၊ ရှန်ဟဲ၌ ၁၃ထပ်တိုက်ကြီး အုတ်မြစ်မှကျွတ်၍ပြိုကျ၊ ချားလီစ်အိန်ဂျယ်မင်းသမီး ဖာရာဖောဆက်ကွယ်လွန်၊ နိုင်ငံပေါင်း ၁၂၀ခန့်တွင် A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ခြောက်သောင်းနီးပါးရှိ၍ ၂၆၀ခန့် သေဆုံး၊ ဗန်ကောက်မြို့ရှိ စုဝေးနေကြသည့် အနီရောင်ဝတ်များအား ဝန်ကြီးချုပ်ဟောင်း သက်ဆင်က ရုပ်မြင်သံကြားဖုန်းမှ မိန့်ခွန်းပြောကြား၊ အမ္ဗာညီအစ်မနှစ်ဦး စာမေးပွဲ၌ ရရှိသည့်အမှတ်ပေါင်း ကွက်တိတူညီလျက်ရှိ …"စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် "ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင် ရုတ်တရက် သေဆုံးရသည့်အကြောင်းရင်း" အပါအဝင် စာမျက်နှာ ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်သင်တန်းဖွင့်

ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက် ပညာသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၅ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံးပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၉

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကြောင်ပြာကျေးရွာနေ ဦးအောင်မျိုးဦး အသက် (၂၉)နှစ်သည် အဖော်များနှင့်အတူ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ကျောက်ကြီးမြို့နယ် မွေ့တော်ကျေးရွာအရှေ့ဘက် ကိုက် ၅၀၀ ခန့်ရှိ ရေပြာချောင်းအထက်၌ ဘူမ္မရာဇာမြစ်တူးရန် သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ယာခြေချင်းဝတ်ပြတ်၊ ဝဲခြေမိုင်းစထိမှန်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ကျောက်ကြီးဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၁)အထူးဈေးရောင်းပွဲ မန္တလေး၌ကျင်းပ

မန္တလေး ဇွန် ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှု(၁) အထူးဈေးရောင်းပွဲတော် (ဇောဓိကုန်း)ဖွင့်ပွဲကို ဇွန် ၆ရက် နံနက် ၈နာရီက မန္တလေး မဟာအောင်မြေမြို့နယ်ရှိ ဇောဓိကုန်းဘုရားတောင်ဘက်မုခ်အနီး၌ကျင်းပရာ တာဝန်ရှိသူများက အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဝယ်ယူအားပေး

အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံအသီးသီးမှ စက်ရုံမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်၍ အထူးဈေးရောင်းပွဲတော်တွင် ဝယ်ယူအားပေးကြသည်။ **(အပေါ်ပုံ)**

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သောကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲသူပြည်သူများလက်သို့ တိုက်ရိုက်ရောက်ရှိစေရန်အတွက် အထူးဈေးရောင်းပွဲတော်ကို နေရာအနှံ့အပြားတွင် မကြာခဏ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **(ဝဇဝ)**

ရေဦးမြို့နယ် အထွေထွေစီးပွားရေးသမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

ရေဦး ဇွန် ၂၀

ရွှေဘိုခရိုင် ရေဦးမြို့နယ် ရွှေစင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရေဦးမြို့နယ် သမဝါယမအသင်းစု ဖွဲ့စည်းရေးအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်း တိုင်းအဆင့်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကိုယ်စား တိုင်းသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းနှင့် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးစံဌေးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌဦးစံဌေး၊ ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်၊ အတွင်းရေးမှူးဦးခင်မောင်ဝင်း၊ အဖွဲ့ဝင် ဦးစိန်မြှောင်၊ ဒေါ်ခင်ခင်အေးနှင့် အသင်းသားစာရင်းစစ် ဦးစိုးမြင့်နှင့် ဦးမျိုးညွန့်တို့အား ရွေးချယ်တင်မြှောက်ပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ဖောင်းပြင်၌ကျင်းပ

ဖောင်းပြင် ဇွန် ၂၂

ဖောင်းပြင်မြို့နယ် သစ်တောဌာနကကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကို ဇွန် ၅ရက် နံနက် ၈ နာရီက ဖောင်းပြင်ကုန်းအောက်တောင်း အမကလွန်ကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်၍ သစ်ပင်မျိုးစုံ အပင် ၄၅၀၀တို့ကို စိုက်ပျိုးပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာအုပ်စု သမ္မာအလင်းရောင်စာကြည့်တိုက်နှင့် အရန်မီးသတ်တပ်ဖွဲ့ရုံး အဆောက်အအုံဖွင့်ပွဲကို မေ ၂၇ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းမြင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆေးလိပ်မသောက်ရေးနေ့ လှိုင်ကော်၌ကျင်းပ

လှိုင်ကော် ဇွန် ၁၆

၂၀၀၉ခုနှစ်ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မေ၃၁ရက်က ကယားပြည်နယ်လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းမြင့်က ကိုယ်စားဖတ်ကြားပြီး ပြည်နယ်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နွယ်နီဝင်းက အခြေခံပညာကျောင်းများတွင် စင်သုံးစင်အကောင်းဆုံးဆုရ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးအား ဆုချီးမြှင့်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ပေါက်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ပေါက် ဇွန် ၂၁

ပေါက်မြို့နယ်ပညာရေးဌာနမှ ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းထွန်းက ကျောင်းအပ်နှံရေးနေ့ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များကတန်ဖိုးငွေကျပ်ငါးသိန်းကျော်ရှိ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများကို လှူဒါန်းကြောင်း သိရသည်။ **(ဝ၇ဝ)**

မြို့နယ် သတင်းများ

ပညာအလင်းရောင်စာကြည့်တိုက်အဆောက်အအုံဖွင့် ချောင်းဆုံမြို့နယ်၌ ပရိဘောဂနှင့် စာအုပ်မျိုးစုံလှူဒါန်း

ချောင်းဆုံ ဇွန် ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်းသဲကျေးရွာ၌ ပညာအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၇ ရက်က စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းနွယ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ကိစ္စများကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းလွင်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကွမ်းသဲကျေးရွာနေ ဦးညွန့်ဝင်းက အဆောက်အအုံအတွက် အလှူငွေကျပ်သုံးသိန်း၊ စာကြည့်တိုက်ငွေပဒေသာပင်အတွက် ဦးအောင်သန်းလွင်၊ ဦးပါကြီးတို့က ငွေကျပ်တစ်သိန်း၊ မော်လမြိုင်မြို့နေ ဦးစိန်လွင်က တန်ဖိုးငွေကျပ် ၁၀ သိန်းတန်စာအုပ် ၂၇၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် ၅၀နှင့် အခြားအလှူရှင် ၁၂ဦးတို့က စာကြည့်တိုက်သုံးပရိဘောဂများ လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းလွင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီး၌ ရွှေတိုက်သမဝါယမအသင်းစု နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

တိုက်ကြီး ဇွန် ၁၅

တိုက်ကြီးမြို့နယ် ရွှေတိုက်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု ပြန်လည်ဖွဲ့စည်းရေး အခမ်းအနားကို မေ ၁၈ရက်က အသင်းစုရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိန်မြင့်တို့က အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ဥက္ကဋ္ဌ ဦးစိန်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကံချွန်၊ အတွင်းရေးမှူး ဦးစိုးငြိမ်း၊ အဖွဲ့ဝင်သုံးဦးနှင့် အသင်းစာရင်းစစ်များအဖြစ် ဦးအေးမြင့်၊ ဦးညွန့်ရွှေတို့အား ရွေးချယ်တင်မြှောက်ကာ သဘာပတိက အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** **(မြို့နယ်သမဝါယမ)**

နတ်တလင်း၌ ကျေးလက်အိမ်ရာတည်ထောင်ရေးနှင့် သစ်တောစိုက်ခင်းတည်ထောင်ရန် ဟောပြောဆွေးနွေး

နတ်တလင်း ဇွန် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉-၂၀၁၀ ခုနှစ် ကျေးလက်အိမ်ရာတည်ထောင်ရေးနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်း ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၃ရက် နံနက် ၇နာရီခွဲက တာပွန်ကျေးရွာရှိ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်က တစ်အိမ်ထောင်လျှင် ကျွန်း သုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးရန်နှင့် တစ်ရွာလျှင် တစ်ဧက ကျေးရွာပိုင် သစ်တောစိုက်ခင်းများတည်ထောင်ရန် ဟောပြောသည်။ **(အပေါ်ပုံ)**

ယင်းအခမ်းအနားသို့ တာပွန်ကျေးရွာအနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၃ ရွာမှ တောင်သူ ၅၅ ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ်သစ်တောဦးစီး)**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကောက်မယ်သူ ကျေးရွာ နှစ်လက်မ စက်ရေတွင်းတူးခြင်းလုပ်ငန်းကို ဇွန် ၆ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဇော်လင်းအောင် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဇွန် ၂၀

ပဲခူးတိုင်း (အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၃ရက် နံနက် ၉နာရီက ပြည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများသို့ ပဲခူးတိုင်း (အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးဌာနမှူး ဦးစိုင်းဘမင်း၊ တိုင်းပညာရေးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်ပညာရေးမှူးများ၊ ရိုးရာပန်းပညာရှင် ဦးစိုးဟန်လေးနှင့် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ပါဝင်ယှဉ်ပြိုင်

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ၏ခေါင်းစဉ်မှာProtecting marginalized populations from to global economic crisis 'ကမ္ဘာ့စီးပွားအခက်ကာလ မျိုးဆက်ပွားကျန်းမာရေး အလေးထားကြ' ဖြစ်ပြီး ပိုစတာပြိုင်ပွဲ၌ အသက်အပိုင်းအခြား အုပ်စုလေးစုတွင် ပြိုင်ပွဲဝင် ၇၄ဦး ပါဝင်ယှဉ်ပြိုင်ရာ စာစီစာကုံးပြိုင်ပွဲတွင် တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူ၁၀ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ မင်းတပ်၌ကျင်းပ

မင်းတပ် ဇွန် ၁၅

မင်းတပ်မြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ရက် နံနက် ၁၀ နာရီက မင်းတပ်မြို့အထက(၁)ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်ပညာရေးမှူး ဦးအုန်းညွန့်တို့က အမှာစကားပြောကြားကြသည်။

(ခရိုင် ပြန်/ဆက်)

ရှားငံမြို့နယ်စည်ပင် ပန်းအလှပင်စိုက်ပျိုး

ရှာငံ ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေကို ဇွန် ၁၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းမှ ရေဖြန့်ဝေပိုက်လိုင်းများ သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန့်ဇင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ပိုင်ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဝေါ-အင်းတိုင်စုကျေးလက်ဂဝံလမ်းဆောင်ရွက်ပြီးစီးမှုကို ဇွန် ၂၂ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့ မူဆယ်တွင်ကျင်းပ ကျောင်းဝတ်စုံ၊စာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

မူဆယ် ဇွန် ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် ၂၀၀၉-၂၀၁၀ ခုနှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၈ရက် နံနက်ပိုင်းက မူဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မူဆယ်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီက ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကျောင်းဝတ်စုံများ၊ စာအုပ်နှင့် စာရေးကိရိယာများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ကျောင်းများသို့ ပံ့ပိုးပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပညာရေး)**

နမ့်ဆန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ပေးအပ်

နမ့်ဆန် ဇွန် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၉ခုနှစ် ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲကို နမ့်ဆန်မြို့နယ်ရုံးခန်းမ၌ ဇွန် ၁ရက် နံနက် ၁၀နာရီကကျင်းပရာ နမ့်ဆန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးထွန်းကျော်နှင့် ဝန်ထမ်းများ၊ ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ ပညာသင်သားသမီးများအတွက် တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ဦးအား ပညာသင်စရိတ်နှင့် ဗလာစာအုပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

တံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နတ်တလင်း ဇွန် ၂၃

သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာ တံခွန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးစိုးလွင်က အမှာစကား ပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်က ကျေးလက်ပြည်သူများ ကျေးရွာစာကြည့်တိုက် အသုံးပြုခြင်းအားဖြင့် အကျိုးကျေးဇူးရှိပုံများကို ဆွေးနွေးကာ စာအုပ်စာစောင်မျိုးစုံအုပ်၅၀၊ ခရိုင်ဦးစီးအရာရှိက စာအုပ် ၅၀၊ မြို့နယ် ဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်က စာအုပ်မျိုးစုံအုပ်၁၀၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေနှင့် တာဝန်ရှိသူများက လက်ခံယူကြောင်းသိရသည်။

(တိုင်း ပြန်/ဆက်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်

ထားဝယ် ဇွန် ၂၀

ထားဝယ်မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ထားဝယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြောင်းအတွင်းပိတ်ဆို့နေသော အမှိုက်သရိုက်များကို ဇွန် ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက် ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မေ ၂၃ ရက်က ဝါးခယ်မမြို့ပေါ်ရှိ မူလတန်းကျောင်းများ သွေးလွန် တုပ် ကွေး အန္တရာယ်ကင်းရှင်းစေရန် ဆေးဖျန်းခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ရပ်စောက်စည်ပင် ကျန်းမာရေးနှင့် ညီညွတ်ရန်စစ်ဆေး

ရပ်စောက် ဇွန် ၂၀

ရပ်စောက်မြို့မဈေးအတွင်း သန့်ရှင်းစေရန် စည်းကမ်းနှင့်အညီ တည်ခင်းရောင်းချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သားငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချနိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် ဒုတိယဦးစီးမှူး(အခွန်)ဦးမောင်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်မှုကို မေ ၇ရက်က ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တက္ကသိုလ်များပုံနှိပ်တိုက်လုပ်ငန်းသုံးပစ္စည်းများ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ တက္ကသိုလ်များပုံနှိပ်တိုက်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားသုံးငွေ (US$) ဖြင့် ဝယ်ယူလိုပါသည်။

(က)	စက္ကူအမျိုးမျိုး	၄ မျိုး
(ခ)	Computer PIV	၁ မျိုး
(ဂ)	Copy Printer A_3	၁ မျိုး

၂။ တင်ဒါပေးသွင်းမှုကို ၁၄-၇-၂၀၀၉ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းဝယ်ယူရေးကော်မတီ
တက္ကသိုလ်များ ပုံနှိပ်တိုက်
သထုံလမ်း၊ ရန်ကုန်မြို့
ဖုန်း-၅၃၇၃၅၇၊ ၅၂၅၆၁၆။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (၄၂)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်းစာတော်ပြန်ပွဲ

ရန်ကုန်မြို့ ဆူးလေရင်ပြင်တော်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၂) ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း စာတော်ပြန်ပွဲကို နှစ်စဉ်ကျင်းပမြဲအစဉ်အလာအတိုင်း (၁၃၇၁ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၃ ရက်) ၂၉-၈-၂၀၀၉ ရက် (စနေနေ့)မှ ၆-၉-၂၀၀၉ ရက် (တနင်္ဂနွေနေ့)အထိ ကျင်းပမည်ဖြစ်ရာ စာတော်ပြန်ပွဲဝင်ရောက်ဖြေဆိုမည့် ပုဂ္ဂိုလ်များသည် စာတော်ပြန်ပွဲဝင်ခွင့်ပုံစံများကို (ဝါဆိုလဆန်း ၁၀ရက်) ၁-၇-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)မှ စတင်ပေးပို့နိုင်သည်။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ (ဝါခေါင်လဆန်း ၁၀ရက်) ၃၁-၇-၂၀၀၉ရက် (သောကြာနေ့) ညနေ ၄ နာရီဖြစ်သည်။

စာတော်ပြန်ပွဲအတွက် ဆွမ်း၊ အချိုရည်၊ သင်္ကန်း၊ နဝကမ္မဝတ္ထုငွေ၊ ဆုအတွက် အလှူငွေများ လှူဒါန်းလိုပါက အသင်းတိုက်ဖုန်း-၃၇၈၄၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့။

အများပြည်သူသိစေရန် သတိပေးကြေညာချက်

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ အမှတ်(၁၉၈)နေ ဦးဇော်ဝင်း၊ ဒေါ်ရီရီဝင်းတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။



အထက်ပါကုန်အမှတ်တံဆိပ်များနှင့် **“ဖြူးဆင်”**အသားတံဆိပ် ထယ်သွားများကို အရောင်အသွေးအမျိုးမျိုးဖြင့် ကပ်နှိပ်ရိုက်နှိပ်၍ အသုံးပြုပြီး အမြို့မြို့အနယ်နယ် အရပ်ရပ်များသို့ ဖြန့်ဖြူးရောင်းချနေပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်များကို ညောင်လေးပင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၂၀၀၁)နှင့် (၀၄၀/၂၀၀၉)တို့အရ အသီးသီးမှတ်ပုံတင်ထားပြီး ဖြစ်သည်။

အထက်ပါ ကုန်အမှတ်တံဆိပ်များကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထင်ယောင်ထင်မှားတုပပြုလုပ်၍ အထက်ဖော်ပြပါ ထယ်သွားမျိုးကို ဖြန့်ချိရောင်းချသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသန်းဌေးလွင် (B.A.,H.G.P.,R.L)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၈၃၊ ဓမ္မာရုံလမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဆိုင်ထွက်ခွင့်ရရှိသူ အမည်ပြောင်းလဲခြင်းဆိုင်ရာ ကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် စောင်းတန်းများအတွင်း ဆောက်လုပ်ထားသော ဆိုင်ခန်းများ၌ ဈေးရောင်းချရန် ဆိုင်ထွက်ခွင့်ရရှိသူများကို မှတ်ပုံတင်၍ သတ်မှတ်ခွင့်ပြုထားပါသည်။ ယခုအခါအရှေ့ဘက်စောင်းတန်းမှ ငါးဆိုင်၊ တောင်ဘက်စောင်းတန်းမှသုံးဆိုင်၊ မြောက်ဘက်စောင်းတန်းမှ တစ်ဆိုင် စုစုပေါင်း ဈေးဆိုင်ကိုးဆိုင်မှ ဆိုင်ထွက်ခွင့်ရသူ အမည်များ ပြောင်းလဲပေးပါရန် လျှောက်ထားတင်ပြလာသောကြောင့် ဂေါပကအဖွဲ့မှ အမည်ပေါက် ပြောင်းလဲပေးရန် စီမံဆောင်ရွက်နေပါသည်။

အောက်ဖော်ပြပါ ဆိုင်ခန်းအမှတ်များ၌ ဆိုင်ထွက်ခွင့်ရသူ အမည်ပေါက် ပြောင်းလဲခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(အထောက်အထား ခိုင်မာမှုမရှိဘဲ ကန့်ကွက်ပါက လုပ်ငန်းနှောင့်နှေးစေမှုဖြင့် အရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။)

တောင်ဘက်စောင်းတန်းမှဆိုင်ခန်းအမှတ် -၃၀၊ ၃၂၊ ၁၂၈
အရှေ့ဘက်စောင်းတန်းမှဆိုင်ခန်းအမှတ် -၂၆၊ ၄၆၊ ၁၀၆၊ ၁၀၈၊ ၁၃၀
မြောက်ဘက်စောင်းတန်းမှဆိုင်ခန်းအမှတ်- ၂၇

ဂေါပကအဖွဲ့။



ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဝါဆိုသင်္ကန်းကပ်လှူမည်

အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ စာချစာသင်သံဃာတော်အပါး ၃၀၀ကျော်တို့အား တစ်ပါးလျှင် ဒွိစုံသင်္ကန်းတစ်စုံစီ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ဖုန်း-၀၁-၆၄၀၀၇၅၊ ၆၄၆၄၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရေဦးမြို့နယ်စည်ပင် ရေစီးရေလာကောင်းရေး လုပ်ငန်းဆောင်ရွက်

ရေဦး ဇွန် ၁၅

ရွှေဘိုခရိုင် ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မေ ၁၈ရက် နံနက် ၉နာရီက မြို့ပေါ် ငါးရပ်ကွက်ရှိ ရေနုတ်မြောင်းများနှင့် ပင်မရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးတို့က ကြီးကြပ်စစ်ဆေးသည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (မြို့ပြ) ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ချယ်ရီလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို မေ၁ရက်က စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလင်းထိုက်မြင့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲ ကန့်ဘလူ၌ကျင်းပ

ကန့်ဘလူ ဇွန် ၁၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့က ဦးစီးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ခုတင် (၁၀၀)ဆေးရုံဝင်းနှင့် မြို့ရှောင်ကွင်းလမ်းတို့၌ ဇွန် ၆ရက်က ကျင်းပသည်။(အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြင့်ကျော်၊ မြို့နယ်အတွင်းရေးမှူး စီမံကိန်းဦးစီးအရာရှိဦးမြင့်ဦး၊ မြို့နယ်ဒုတိယရဲမှူး ဦးထွန်းသာ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းတို့က ကျွန်းပင်များကို လည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်ငါးခုမှ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀၀ ကျော် ပါဝင်စိုက်ပျိုးကြသည်။

စိုက်ပျိုး

စိုက်ပျိုးပွဲ၌ ခုတင် (၁၀၀)ဆေးရုံဝင်း အနောက်ဘက်ခြမ်းတွင် စိန်ပန်းပင် ၅၀၊ မဲဇလီပင်၂၀၀၊ တမာပင် ၁၅၀၊ ယူကလစ်ပင် ၇၀၀၊ ကျွန်းပင် ၃၀၀ စသည့်အပင်ပေါင်း ၁၄၀၀ ကိုလည်းကောင်း၊ မြို့ရှောင်လမ်းတွင် ကုက္ကိုပင် ၃၀၀၊ ကျွန်းပင် ၅၀၀၊ ယူကလစ်ပင် ၁၅၀၊ တမာပင် ၄၀၀၊ မဲဇလီပင်၃၀၀နှင့် စိန်ပန်းပင် ၁၀၀ စသည့် အပင်ပေါင်း ၃၁၀၀တို့ကို လည်းကောင်း စုစုပေါင်းပျိုးပင် ၄၅၀၀ တို့ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျိုးပင်များ ပျိုးထောင်

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ဇွန် ၁၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်မှုအပေါ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ မြင်းမူ၌ ကျင်းပ

မြင်းမူ ဇွန် ၈

မြင်းမူမြို့နယ် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် မိုးသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၇ရက် မွန်းလွဲပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

စီမံကိန်းတာဝန်

စီမံကိန်းတာဝန်ပေးအပ်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ မြို့နယ်အတွင်းရေးမှူးက ၂၀၀၈-၂၀၀၉ ခုနှစ် မြို့နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအကြောင်း အသေးစိတ်ရှင်းလင်းတင်ပြခြင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက ၂၀၀၈-၂၀၀၉ ခုနှစ် သီးနှံများစိုက်ပျိုးထုတ်လုပ်မှုနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် သီးနှံလျာထားဧကနှင့် နှိုင်းယှဉ် ရှင်းလင်းတင်ပြခြင်း၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိက မြေအမျိုးအစားအလိုက် စိုက်ပျိုးမည့် အခြေအနေနှင့် ရေရရှိရေးအလိုက် စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများသို့ မြို့နယ်အတွင်းရေးမှူးက စီမံကိန်းတာဝန်ပေးအပ်သည်။

တက်ရောက်

စီမံကိန်းတာဝန်ပေးအပ်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာတာဝန်ခံများနှင့် ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(၀၃၅)**

ဒိုက်နှင့် မြောင်းများ ရှင်းလင်း

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေး နောင်တောင်းကန်အတွင်း ဒိုက်နှင့်မြောင်းများရှင်းလင်းခြင်းကို လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ကျော် ဇွန် ၇ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ် လွိုင်ကော်မြို့၌ သဘက်ချောင်းကူး ထီးစဲခါးတံတား တည်ဆောက်ဖွင့်လှစ်

လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ကာ ဒေသထွက်ကုန်များ ပိုမိုလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်

နေပြည်တော် ဇွန် ၂၉

ကယားပြည်နယ် လွိုင်ကော်မြို့နယ် သဘက်ချောင်းကူး ထီးစဲခါးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ ချောင်းကူးတံတားမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ကယားပြည်နယ် လွိုင်ကော်မြို့နယ် သဘက်ချောင်းကူး ထီးစဲခါးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ပျဉ်းမနားဘူတာမှ ရထားလုပ်ငန်းများအား နေပြည်တော်ဘူတာသစ်ကြီးသို့ ပြောင်းရွှေ့ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၉

မြန်မာ့မီးရထားသည် နေပြည်တော်ဘူတာသစ်ကြီးကို ခမ်းနားထည်ဝါစွာ တည်ဆောက်ပြီးစီးပြီဖြစ်၍ နေပြည်တော်ကို ဗဟိုပြုလျက် ရထားခရီးစဉ်အသစ်များကို တိုးချဲ့ပြေးဆွဲခဲ့ရာ နေ့စဉ်နေပြည်တော်မှ ရန်ကုန်သို့ အဆန်/အစုန်လေးစင်း၊ မန္တလေးသို့ အဆန်/အစုန်နှစ်စင်း၊ မြင်းခြံသို့ အဆန်/အစုန် နှစ်စင်း၊ မော်လမြိုင်သို့ အဆန်/အစုန်နှစ်စင်း၊ ပုဂံသို့ အဆန်/အစုန် နှစ်စင်း၊ ပြည်သို့ အဆန်/အစုန်နှစ်စင်း၊ ရွှေညောင်သို့ အဆန်/အစုန်နှစ်စင်း၊ လွိုင်ကော်သို့ အဆန်/အစုန်နှစ်စင်း၊ ချောက်သို့ အဆန်/အစုန်နှစ်စင်း စုစုပေါင်း ရထားခရီးစဉ်သစ်(၂၀)ကို တိုးချဲ့ပြေးဆွဲလျက်ရှိသည်။ ထို့အပြင် ယခင်အတိုင်း ပုံမှန်ပြေးဆွဲလျက်ရှိသော ရန်ကုန်-မန္တလေး အဆန်/အစုန် အမြန်ရထားရှစ်စင်း၊ စာပို့ရထား အဆန်/အစုန်နှစ်စင်း၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

(က) နေပြည်တော်ဘူတာအခြေပြု ထွက်ခွာ/ဆိုက်ရောက် ရထားများ၏ ခရီးစဉ်နှင့် အချိန်စာရင်း

စဉ်	ရထား	ခရီးစဉ်		အချိန်စာရင်းများ	
		မှ	သို့	ထွက်ချိန်	ရောက်ချိန်
၁	၇ အဆန်	ရန်ကုန်	နေပြည်တော်	၁၁း၀၀	၂၀း၅၀
၂	၈ အစုန်	နေပြည်တော်	ရန်ကုန်	၀၉း၁၀	၁၈း၄၅
၃	၃၁ အဆန်	ရန်ကုန်	နေပြည်တော်	၀၈း၀၀	၁၇း၃၅
၄	၃၂ အစုန်	နေပြည်တော်	ရန်ကုန်	၀၆း၀၀	၁၅း၃၅
၅	၂၅ အဆန်	နေပြည်တော်	မန္တလေး	၂၂း၃၀	၀၅း၃၀
၆	၂၆ အစုန်	မန္တလေး	နေပြည်တော်	၀၈း၁၅	၁၄း၅၅
၇	၂၇ အဆန်	နေပြည်တော်	မြင်းခြံ	၁၈း၁၀	၀၁း၃၅
၈	၂၈ အစုန်	မြင်းခြံ	နေပြည်တော်	၀၅း၀၀	၁၂း၂၅
၉	၁၅/၁၆ အစုန်	နေပြည်တော်	မော်လမြိုင်	၀၄း၅၀	၁၉း၁၀
၁၀	၁၈/၁၇ အဆန်	မော်လမြိုင်	နေပြည်တော်	၀၅း၀၀	၁၉း၃၀
၁၁	၁၀၇ အဆန်	နေပြည်တော်	ပုဂံ	၀၈း၁၀	၂၀း၀၀
၁၂	၁၀၈ အစုန်	ပုဂံ	နေပြည်တော်	၀၈း၄၅	၂၁း၅၀
၁၃	၁၀၉ အဆန်	နေပြည်တော်	ပြည်	၀၇း၁၀	၁၂း၀၀(ဆက်သွား)
၁၄	၁၁၀ အစုန်	ပြည်	နေပြည်တော်	၁၃း၀၀(ဆက်သွား)	၁၈း၂၀
၁၅	၁၀၁ အဆန်	နေပြည်တော်	ချောက်	၀၅း၂၅	၁၉း၃၀
၁၆	၁၀၂ အစုန်	ချောက်	နေပြည်တော်	၀၆း၀၀	၂၀း၂၅

မြန်မာ့အလင်း

ရေနွေးကြမ်းနှင့် ကျန်းမာရေး

နေ့စဉ်ရေသောက်ခြင်းထက် ရေနွေးကြမ်း ပိုမိုသောက်သုံးပါလျှင် နှလုံးရောဂါနှင့် ကင်ဆာအချို့ ကာကွယ်နိုင်ဟုဆို

ရေသောက်ခြင်းထက် ရေနွေးကြမ်းသောက်ခြင်းက လူတို့၏ကျန်းမာရေးကို ပိုမိုအကျိုးပြုကြောင်း၊ နေ့စဉ် ရေနွေးကြမ်းသောက်ပေးပါက နှလုံးရောဂါနှင့် ကင်ဆာရောဂါအချို့ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ပါဝင်

သောက်သုံးရေသန့်တွင် ပါဝင်သော အချို့ဓာတ်များ ရေနွေးကြမ်း၌ မပါဝင်သော်လည်း လက်ဖက်ခြောက်နှင့် ရေတွင်ပါဝင်သောဓာတ်တို့ ပေါင်းစပ်ဖြစ်ပေါ်လာသော အကျိုးပြုဓာတ်မှာ ကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ဟန့်တားနိုင်ကြောင်း သိရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၄* ■

ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) တွေ့ရှိသောလူနာ ရောဂါသက်သာလျက်ရှိကြောင်းသိရှိရ

နေပြည်တော် ဇွန် ၂၉

စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) ရှိသည်ဟု ဇွန်၂၇ရက်က အတည်ပြုခဲ့သည့် အသက်၁၃နှစ်အရွယ်ရှိ အမျိုးသမီးငယ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သီးသန့်ဆောင်၌ ဆေးကုသခံယူလျက်ရှိရာ ယနေ့ဇွန်၂၉ရက်တွင် အဖျားကျပြီး ရောဂါသက်သာလျက်ရှိကြောင်း၊ တာဝန်ရှိသူများက ဂရုတစိုက်ကုသပေးလျက်ရှိကြောင်း၊ ၎င်းနှင့်ထိစပ်မှုရှိခဲ့သော မိသားစုဝင်များ၊ စာသင်ဝိုင်းရှိ ဆရာမနှင့် သင်တန်းသားများအားလည်း ရောဂါစောင့်ကြပ်ကြည့်ရှုလျက်ရှိရာ တစ်ဦးတစ်ယောက်မျှ ဖျားခြင်း၊ တုပ်ကွေးလက္ခဏာပေါ်ခြင်း မရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**